# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေ့ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 3 March 2023 ၁၁၀၂၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မဟာသင်္ကြန်ကာလအတွင်း မြိတ်-ကျွန်းစုဒေသ အပန်းဖြေခရီးစဉ်များပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်

**ကျွန်းစု မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြိတ်-ကျွန်းစုဒေသသို့ မြန်မာ့ရိုးရာနှစ်သစ်မဟာသင်္ကြန်ကာလ ကျွန်းအပန်းဖြေခရီးစဉ်များ ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

**အဓိက အားထားသွားလာ**

မြိတ်-ကျွန်းစုဒေသအတွင်းရှိ ခရီးစဉ်များပြေးဆွဲရာတွင် ခရီးသည်များအနေဖြင့် လေကြောင်းခရီးကိုသာ အဓိက အားထားသွားလာနေရသည့်အတွက် ယခင်ကထက် ကုန်ကျစရိတ်ပိုမိုများပြားနေခြင်း၊ ကျွန်းများတွင် လိုအပ်သည့် Activity များ နည်းပါးနေခြင်း၊ ပို့ဆောင်စရိတ်မြင့်တက်လာခြင်း စသည့် အခက်အခဲများရှိနေကြောင်း သိရသည်။

**စီစဉ်ပေးနေ**

"မဟာသင်္ကြန်ကာလ ခရီးစဉ်အတွက် လေယာဉ်လက်မှတ်နဲ့ ဟိုတယ်ဘိုကင်လုပ်ထားတဲ့ ခရီးသွားတွေရှိပါတယ်။ တချို့ဟိုတယ်တွေက ဟိုတယ်မှာ သုံးညအိပ် ကျွန်းခရီးစဉ် နှစ်ခေါက်၊ ရန်ကုန်-မြိတ် လေယာဉ်လက်မှတ် အသွားအပြန်အပြီးအစီးကို ငွေကျပ် ကိုးသိန်းနဲ့ စီစဉ်ပေးနေတာရှိပါတယ်" ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြိတ်ကျွန်းစုအတွင်းရှိ ကျွန်းများတွင် တစ်ညအိပ် နှစ်ရက်ခရီးစဉ်များလည်း သွားရောက်လည်ပတ်နိုင်ပြီး ညအိပ်ခရီးစဉ်များတွင် လူတစ်ဦးလျှင် ငွေကျပ် သုံးသိန်းခွဲသတ်မှတ်ထားကြောင်း သိရသည်။


စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆


# မကွေးခရိုင် ကျေးလက်နေပြည်သူများအတွက် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အဆင့်မြှင့်တင်



**နေပြည်တော် မတ် ၂**

မကွေးခရိုင်အတွင်းရှိ ကျေးရွာ ၁၂၈၆ ရွာတွင် နေထိုင်သည့် ပြည်သူ ၁၁၈၆၄၈၉ ဦးကို အကျိုးပြုနိုင်ရန်အတွက် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ခရိုင်အတွင်းရှိ ကျေးလက်လမ်း၊ တံတား လုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်၊ ကတ္တရာလမ်း ၁ ဒသမ ၁၉ ရာခိုင်နှုန်း၊ အမာခံကျောက်ချောလမ်း ၅ ဒသမ ၅၇ ရာခိုင်နှုန်း၊ ဂဝံ/မြေနီလမ်း ၇၂ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် လှည်းလမ်း ၂၀ ဒသမ ၂၉ ရာခိုင်နှုန်း


စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂



**ယနေ့ ဖတ်စရာ**

**သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း** စာမျက်နှာ » ၃

**အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး** စာမျက်နှာ » ၄

**တပေါင်းလပြည့် ပြည်တော်ဝင်နေ့နှင့် သဲပုံစေတီပွဲ** ဆောင်းပါး စာမျက်နှာ » ၆

**ပါတီစုံခေတ်တွင် ပြည်သူကို ကိုယ်စားပြုရမည့် ပါတီများ ခိုင်မာအားကောင်းရေး** ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# စီးပွားရေးအခြေခံကောင်းများဖန်တီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် “စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”နှင့် “သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေးဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး” ဦးတည်ချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းနှင့်နွေစပါးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ နွေစပါးသီးနှံဧကငါးသိန်းခွဲနှင့် ပဲတီစိမ်းသီးနှံဧက ငါးသိန်းစိုက်ပျိုးခြင်းတွင် ကျပ်ဘီလီယံ ၂၃၀ အားကျခံသုံးစွဲလျက်ရှိသည်။ စပါးအထွက်နှုန်းတိုးရေးအတွက် မိုးစပါးဧက ၁၀၀ စံပြကွက်များ စိုက်ပျိုးခြင်းစီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ မြို့နယ် ၁၅ မြို့နယ်တွင် ဧက ၁၅၀၀ လျာထားဆောင်ရွက်ခဲ့ရာ ဧက ၁၆၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ ၁၁၅ တင်းကျော် ထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးကြရာ၌ တစ်ဧက တင်းတစ်ရာထွက်ရေး မျှော်မှန်းဆောင်ရွက်သော်လည်း အကြောင်းအမျိုးမျိုးဖြင့် ထွက်ရှိခြင်းမရှိပေ။ ယခုစံပြစီမံကိန်းဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်သဖြင့် အဆိုပါနည်းစနစ်အတိုင်း နိုင်ငံတစ်ဝန်း စိုက်ပျိုးကြမည်ဆိုလျှင် စပါးအထွက်တိုးပြီး ပြည်ပပို့ကုန်ပါ တိုးတက်တင်ပို့နိုင်မည်ဖြစ်သည်။

ပြည်တွင်းဆီစားသုံးမှုဖူလုံရေးအတွက် နိုင်ငံတစ်ဝန်း နေရာမရွေးစိုက်ပျိုးနိုင်သည့် နေကြာသီးနှံ စိုက်ဧကတစ်သန်းခွဲအထိ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ နေကြာစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ကုန်ကျမှုကို အထောက်အပံ့ဖြစ်စေရေးအတွက် နိုင်ငံတော်၏ခွင့်ပြုငွေကျပ် တစ်ရာဘီလီယံကျော်ဖြင့် နေကြာစိုက်ပျိုးရာသီများတွင် နေကြာမျိုးစေ့နှင့် သွင်းအားစုများအချိန်မီပံ့ပိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ပြည်သူအချို့အနေဖြင့် ဆီကိုလိုသည်ထက် ပိုမိုစားသုံးကြသဖြင့် ကျန်းမာရေးအရထိခိုက်မှုများရှိသလို ပြည်ပမှပိုမိုတင်သွင်းရသဖြင့် နိုင်ငံခြားငွေကုန်ကျမှုများများပြားနေသည်။ ဆီကို လိုသလောက်သုံးစွဲပြီး ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားသုံးစွဲငွေ လျှော့ချနိုင်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

အလားတူ ချည်တင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ချည်မျှင်ရှည်ဝါသီးနှံတစ်ဧကအထွက်နှုန်းတိုးရေး၊ လေးနှစ်ကာလအတွင်း ဧကခုနစ်သိန်းပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်သည်။ ဝါတစ်ဧက အထွက်နှုန်း ပိဿာ ၇၀၀ နှင့်အထက် လျာထားချက်ပြည့်မီစေရန်နှင့် အရည်အသွေးကောင်းဝါများနှင့် ဝါဂွမ်းများရရှိရေးကာလသတ်မှတ်၍ ချည်မျှင်ရှည်ဝါတိုးတက်ထုတ်လုပ်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ အသားကဏ္ဍတွင် မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာများထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ မေထုန်မဲ့ သားစပ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွားသုတေသနခြံများတည်ထောင်ပြီး မျိုးဖြန့်ဖြူးခြင်း၊ မွေးမြူရေးနည်းပညာပံ့ပိုးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်ပသို့ တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ ဒီဇင်ဘာလအထိ) စုစုပေါင်းတန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၄၃ သန်းနီးပါးဝင်ငွေရရှိခဲ့သည်။ ၎င်းတို့အနက် ရေထွက်ကုန်ပစ္စည်းမျိုး ၃၀၀ ခန့်၊ မက်ထရစ်တန်ချိန် လေးသိန်းတန်ခန့်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၃၁ သန်းကျော် ဝင်ငွေရရှိခဲ့သည်။ အလားတူ ငါးပုစွန်ရေထွက်ကုန်ပစ္စည်းမျိုး ၃၀ ခန့်၊ မက်ထရစ်တန်ချိန် ငါးသောင်းတန်ခန့်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိခဲ့သည်။ ရေထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကဏ္ဍစုံမှထုတ်လုပ်တင်ပို့နိုင်ခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိရာ ဆက်လက်တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏စီးပွားရေးအခြေခံကောင်းများကို ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏စီးပွားရေးအခြေအနေ မြင့်မားတိုးတက်လာအောင် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မှော်ဘီမြို့နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ကွင်းဆင်းဆေးကုသပေး

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မျက်စိရောဂါဝေဒနာရှင်များအား ကွင်းဆင်းဆေးကုသပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မှော်ဘီပြည်သူ့ဆေးရုံကြီး၌ စမ်းသပ်ကုသပေးရာ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်နန်းလုံနှင့် အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များနှင့် မှော်ဘီပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ခွဲစိတ်ကုသရန်လိုအပ်သော လူနာပေါင်း ၈၄ ဦး၊ မျက်မှန်တပ်ဆင်ပေးခဲ့သော လူနာ ၁၇၆ ဦး၊ မျက်စဉ်းခပ်ဆေးတိုက်ပေးခဲ့သော လူနာ ၁၂၇ ဦးနှင့် လာရောက်ပြသသူများအနက်မှ ဆီးချိုရောဂါတွေ့ရှိသူ ၅၃ ဦး စုစုပေါင်း ၄၄၀ ကို စမ်းသပ်ကုသပေးခဲ့သည်။



အဆိုပါ မျက်စိရောဂါဝေဒနာရှင်လူနာများကုသရာသို့ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင်(၂)ဦးဝင်းစိုး၊ ဆေးရုံအုပ်ကြီး ဒေါက်တာစောမြထွန်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

■

## အုတ်ဖိုမြို့နယ်၌ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တွဲဖက်ဖွင့်လှစ်သွားမည်

အုတ်ဖို မတ် ၂

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထကအေးမြသာယာ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းကို တွဲဖက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။



**အသိပေးရှင်းလင်း**

အဆိုပါကျောင်းသို့ တက်ရောက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများကို သိရှိနားလည်နိုင်စေရန်အတွက် အုတ်ဖိုမြို့နယ်အတွင်းရှိ အထက်တန်းအဆင့်သင်နှင့် အလယ်တန်းအဆင့်သင်ကျောင်း ၅၆ ကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-9 ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများနှင့် မိဘများအား ယမန်နေ့က အသိပေးရှင်းလင်းပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၇၆ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**
**(၂၀၂၃ ခုနှစ်၊ မတ်လ ၂ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကားပြန့်ပွားစေရန်အလို့ငှာ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ပါပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

၁။ ဒေါ်ကြူကြူလှ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၂။ ဒေါ်ကြိုင်ကြိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၃။ ဒေါ်မြမြစန်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၄။ ဒေါ်ခင်ခင်ဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၅။ ဒေါ်ခင်သက်ဌေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၆။ ဒေါ်သန်းသန်းနွဲ့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါ်နန်းရွှေမုံ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၇၇ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**
**( ၂၀၂၃ ခုနှစ်၊ မတ်လ ၂ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လွတ်လပ်ရေးရပြီး (၇၅)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးရှိန်းထန်း | ဝန်ကြီး | ပြန်လည်ထူထောင်ရေးဌာန |
| ၂။ | စောအောင်ပ | ဝန်ကြီး | လမ်းလုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဌာန၊ရေကြောင်း၊မြို့ပြလေကြောင်းဌာနနှင့် ကျန်းမာရေးဌာန |
| ၃။ | ဦးလှိုင်ဟုတ် | ဥက္ကဋ္ဌ | ရာထူးဝန်အဖွဲ့ |
| ၄။ | ဦးအေးမောင် | ဝန်ကြီး | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၅။ | ဒေါက်တာအေးလှိုင် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၆။ | ဦးမောင်မောင်ဟန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၇။ | ဦးခင်ဇော် | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ်ရုံး |
| ၈။ | ဦးအောင်စန်း | ဝန်ကြီး | ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၉။ | ဦးခင်မောင်သိန်း | ဝန်ကြီး | စွမ်းအင်ဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူးချုပ် ဝင်းတင် | ဝန်ကြီး | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန |
| ၁၁။ | ဦးကြည်အေး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၂။ | ဦးသန်းညိန်း | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၁၃။ | ဒူဝါဇော်ရစ် | ကချင်ရေးရာဝန်ကြီး | |
| ၁၄။ | စောလှူးလှူ | ကရင်ရေးရာဝန်ကြီး | |
| ၁၅။ | ဦးတင်လှ | ဥက္ကဋ္ဌ | မန္တလေးတိုင်းပြည်သူ့ကောင်စီ |
| ၁၆။ | ဒေါ်သန်းသန်းနွဲ့ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |
| ၁၇။ | ဒေါ်ခင်ခင်ဝင်း | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်မို | ဒုတိယဝန်ကြီး | အလုပ်သမားဝန်ကြီးဌာန |
| ၂။ | ဦးခင်မောင်တည် | ဒုတိယဝန်ကြီး | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန |
| ၃။ | ဦးသိမ်းထူး | ဒုတိယဝန်ကြီး | သမဝါယမဝန်ကြီးဌာန |
| ၄။ | ဦးခင်ငြိမ်း | ဒုတိယဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | သူရ ဦးတင်မောင် | ဒုတိယဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန၊စက်မှုဝန်ကြီးဌာန |
| ၆။ | ဒေါက်တာဗိုလ်လေး | ဒုတိယဝန်ကြီး | လယ်ယာနှင့် သစ်တောဝန်ကြီးဌာန |
| ၇။ | ဦးဘိုးဟန် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးနေအေး | ဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| ၉။ | ဦးသောင်းတင် | ဒုတိယဝန်ကြီး | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန |
| ၁၀။ | ဦးထင်အောင် | ဒုတိယဝန်ကြီး | စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်လွဲလွဲသိန်း | ဒုတိယဝန်ကြီး | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ၁၂။ | ဦးဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၃။ | ဦးကိုကိုလေး | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၄။ | ဦးကျော်မင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၅။ | ဦးညွန့်တင် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါက်တာကျော်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၇။ | ဦးတင်လတ် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၈။ | ဦးကျော်မြင့် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၁၉။ | ဦးသန်းထွန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၀။ | ဦးအေး | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမြသန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါက်တာအောင်နိုင် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၃။ | ဦးညွန့်မောင်ရှိန် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၄။ | ဦးသက်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၅။ | ဦးစိုးမြင့် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၆။ | ဦးကြည်သိန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၇။ | ဦးထိန်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၈။ | ဦးမျိုးလွင် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၉။ | ဦးခင်ဇော်ဝင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၀။ | ဦးမင်းသိန်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၁။ | ဦးစိုးနွယ် | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၂။ | ဦးဉာဏ်လင်း | သံအမတ်ကြီး(အငြိမ်းစား) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၃၃။ | ဦးညွန့်အောင် | ဦးဆောင်ညွှန်ကြားရေးမှူး (အငြိမ်းစား) | စက်မှုဝန်ကြီးဌာန |
| ၃၄။ | ဦးသိုက်ထွန်း | ဦးဆောင်ညွှန်ကြားရေးမှူး (အငြိမ်းစား) | စက်မှုဝန်ကြီးဌာန |
| ၃၅။ | ဦးဘိုဝင်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | ပညာရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်သန်းသန်းလင်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဦးမောင်မောင်သန်း | ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် မတ် ၂**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ကိုယ်စား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက ဆောင်ရွက်တော်မူသည်။



ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ကိုယ်စား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့နှင့် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အပါး ၄၀ တို့ကို နိုင်ငံတော်ဝိနည်းဓိုရ်လက်မှတ်များ ဆက်ကပ်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ အကျိုးတော်ဆောင် ဆရာတော်၊ ရွှေကျင်ဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၊ ဓမ္မဝိနယာနုလောမမူလဒွါရနိကာယဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်တော်မူကြသည်။

**ဖတ်ကြားတော်မူ**

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ နိဂုံးချုပ်ဥယျောဇနကထာကို ဆရာတော်ကြီး၏ကိုယ်စား သဘာပတိဆရာတော်က ဖတ်ကြားတော်မူရာ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက နာယူတော်မူကြသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက "ဇယန္တော ဗောဓိယာ မူလေ"အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး "သာဓု" သုံးကြိမ်ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများကို တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)ဇနီးဒေါ်ကြိုင်ကြိုင် မိသားစု၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)ဇနီး ဒေါ်မြမြစန်း မိသားစု၊ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ(ငြိမ်း)ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု၊ မဟာသရေစည်သူ(ဗိုလ်ချုပ်ကြီး စိုးဝင်း)(ငြိမ်း) ဇနီး ဒေါ်သန်းသန်းနွဲ့ မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း)ဇနီး (ဒေါ်ကြည်ကြည်အုန်း) မိသားစု၊ ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း) ဇနီး ဒေါ်မာလာတင့် မိသားစု၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း) ဇနီး ဒေါ်ခင်နှင်းဝေ မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို) ဇနီး ဒေါ်ခင်လေးမြင့် မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း)ဇနီး (ဒေါ်ခင်စန်းရီ) မိသားစုနှင့် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း) ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင်ပရိယတ္တိ စာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာ ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မိုဃ်းကောင်း ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံ ကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သုဝဏ္ဏနားဝမ် (ကိုရင်လေး) ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိဝေဿလီဂန္ဓာရုံကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေကျင်တိုက်မကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ကမာကဆစ် အနောက်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေသာစည်၊ ကံသာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရွှေလီကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့၊ ဦးစီးဌာနတို့မှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ နယ်မြေ၊ ဇမ္ဗူသီရိမြို့နယ် အေးမြရွှေပြည်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

■



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး စဝ်စံထွန်းဆေးရုံ၌ မျက်စိခွဲစိတ်ကုသမှုခံယူနေသောပြည်သူများအား သွားရောက်ကြည့်ရှု ထောက်ပံ့ပစ္စည်းများ ပေးအပ်

တောင်ကြီး မတ် ၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မတ် ၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ မျက်စိခွဲစိတ်ကုသပြီး ပြည်သူများနှင့် ခွဲစိတ်ကုသမှုခံယူမည့် ပြည်သူများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ မျက်မှန်နှင့်စားစရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စဝ်စံထွန်းဆေးရုံ၌ မွေးကင်းစ ဆေးကုသမှုခံယူနေသော ကလေးလူနာဆောင်အား သွားရောက်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသော ပြည်သူများကို စားစရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဓာတ်ရောင်ခြည်ဌာနသို့ သွားရောက်ကာ ဓာတ်ရောင်ခြည်ဖြင့် ဆေးကုသမှုခံယူမည့် ပြည်သူများကို အားပေးစကားပြောကြား၍ စားစရာများ ထောက်ပံ့ပေးအပ်ကာ ဓာတ်ရောင်ခြည်ခန်းမဆောင်နှင့် MRI Room အခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စဝ်စံထွန်းဆေးရုံ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်များမှ မျက်စိလာရောက်ခွဲစိတ်ကုသမှုခံယူသူ ဒေသခံပြည်သူ ၄၃ ဦးရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရေဝတီတိုင်းဒေသကြီး၏ လယ်ယာထွက်ကုန်များကို တန်ဖိုးမြင့်စားသောက်ကုန်ချောများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် မတ် ၂

ဧရာဝတီတိုင်း ဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လယ်ယာထွက်ကုန်အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ချောထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ပြည်တွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန် တိုးတက်ရေးအတွက် စိုက်ပျိုးမြေတစ်ကေချင်း ထုတ်လုပ်မှုတိုးမြှင့်ရေး၊ မျိုး၊ သွင်းအားစုနှင့် နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်းနှင့်အကျိုးဆောင်တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားကို ထိထိရောက်ရောက် အသုံးပြုနိုင်ရေး၊ လယ်ယာထွက်ကုန်များကို တန်ဖိုးမြင့်စားသောက်ကုန်ချောများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပြီး လုပ်ငန်းကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိစေရေး စီမံဆောင်ရွက်ရန်ကိစ္စရပ်များ၊ တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်တုန်းမြို့နယ်ရှိ ထိပ်တန်းနို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားမွေးမြူရေးလုပ်ငန်း၊ နို့ပေါင်းစက်နှင့် တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ခင်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ School Milk Program ဖြင့် ငှားယူထားသော ပေါင်းခံစက်ဖြင့် အသင့်သောက်နို့ပေါင်းခံ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဖိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၂

ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲအခမ်းအနားကို ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပညာ့ဗိမာန်စာကြည့်တိုက်၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်စိုး(မင်းတလွန်း)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာရှင်းတမ်းကို အတွင်းရေးမှူး ဦးမြစိန်(မိုးကျော်သူ)က ဖတ်ကြားပြီး ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်သည်။ ထို့နောက် သက်ကြီးစာပေပညာရှင်ကြီးများကို လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပြီး ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အသင်းဝင်စာရေးဆရာ ဆရာမကြီးများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



# တောင်သူလယ်သမားနေ့အထိမ်းအမှတ် ဟုမ္မလင်းစိုက်ပျိုးရေးသိပ္ပံကျောင်းခန်းမ၌ လက်ဖက်စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးဆွေးနွေး

နေပြည်တော် မတ် ၂

တောင်သူလယ်သမားနေ့အထိမ်းအမှတ် လက်ဖက်စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေးဆွေးနွေးခြင်းနှင့် ဟုမ္မလင်းစိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် ပံ့ပိုးပစ္စည်းများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ဟုမ္မလင်းစိုက်ပျိုးရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီး ဦးသန့်ဇင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ခေါင်ခမ်းကျေးရွာ လက်ဖက်တောင်သူများ၊ ကက်သာကျေးရွာ တောင်သူများ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။



တောင်သူလယ်သမားနေ့အထိမ်းအမှတ် လက်ဖက်စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဆွေးနွေးပို့ချပြီး လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများကို တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ပံ့ပိုးပေး**

ယနေ့အခမ်းအနားတွင် ဟုမ္မလင်းစိုက်ပျိုးရေးသိပ္ပံကျောင်း ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့်ဇနီး ဒေါ်မြမြအေး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဟုမ္မလင်းမြို့နယ်နှင့် မိုဝိုင်းလွတ်မြို့ စိုက်ပျိုးရေးဦးစီးဌာနတို့က တီဗွီသုံးလုံး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဇနီး ဒေါ်ဒုံစေ့တို့က ငွေကျပ်ငါးသိန်း၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများက တီဗွီ သုံးလုံး၊ သီးနှံမျိုးစေ့၊ EM၊ ဆန်၊ ကြက်ဥနှင့် ခေါက်ဆွဲစားသောက်ကုန်များ၊ ကက်သာကျေးရွာ တောင်သူများက ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ဆန်ကြာဆံများ ပံ့ပိုးပေးအပ်ကြကြောင်း သိရသည်။

သတင်းစဉ်

# တပေါင်းလပြည့် ပြည်တော်ဝင်နေ့နှင့် သဲပုံစေတီပွဲ

မေတ္တာမိုးနှင်း(ပဲခူး)



မြန်မာနိုင်ငံ၏ ဆယ့်နှစ်လရာသီတိုင်းတွင် အလှုတရားအမျိုးမျိုးဖြင့် တည်ရှိနေကြသည်။ မြန်မာပြက္ခဒိန်၌ တစ်ဆယ့်နှစ်လရှိရာတွင် တပေါင်းလသည် တစ်ဆယ့်နှစ်လမြောက်ဖြစ်သည်။ အနည်းငယ်ပူပြင်းသော်လည်း တောတောင်၊ ရေမြေသဘာဝမှာ အလှဆုံးဖြစ်သည်။ သာယာဖွယ်၊ လွမ်းဆွတ်ဖွယ်၊ ကြည်နူးဖွယ်၊ သံဝေဂရဖွယ်တို့ဖြင့် လူသားတို့၏နှလုံးသားကို ဖမ်းယူထားပေသည်။ ရွက်ဟောင်းကြွေ၍ ဖူးပုရစ်များ ဝေဆာနေသောပင်အိုတို့သည်ပင်လျှင် "ရိုးတံကျဲကျဲ ပင်အိုတို့ xxx အလှချင်းလည်းပြိုင်" ဆိုသကဲ့သို့ အလှချင်းပြိုင်နေသည်ဟု ထင်ရလောက်အောင် လှပပေသည်။ ဥဩငှက်၏ တွန်ကျူးသံမှာလည်း လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းသကဲ့သို့ တစ်ပင်မှတစ်ပင်ကူး၍ မြူးထူးနေကြသော ကျေးငှက်သာရကာတို့၏အသံကလည်း ရော်ရွက်ကြွေသံနှင့် အတူ မြိုင်ဆိုင်နေပေတော့သည်။ စာဆိုနဝဒေးက "သံချိုဥဩ၊ ချစ်ဖော်နှော၍၊ တောလည်းသာခေါင်၊ တောင်လည်း ညိုရစ်၊ မြစ်လည်းသာဘိ၊ တိမ်အိအိနှင့်" ဟု တင်စားရေးဖွဲ့ခဲ့သည်။

**တပေါင်းလ**

တပေါင်းဟူသောအမည်ကို ပုဂံခေတ်က "တပေါင်လ"ဟူ၍ ရှေ့စီးမပါဘဲ ရေးခဲ့ကြသည်။ "ပူပြင်းခြင်း" အနက်ကို ဟောရာ "တ" ဟူသည့် ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး "တပ"မှ တပေါင်းဖြစ်လာသည်ဟုဆိုကြသည်။ အချို့ကလည်း ထန်းလုပ်ငန်းကို အစွဲပြု၍ "ထန်းပေါင်းလ"ဟုဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ "ဆော်သက်သေ၊ ရော်ရွက်ကြွေ မြေပေါ်ခပါတဲ့၊ နွေလမပြောင်း၊ ပြာနှင့်ယင်ကြည်၊ ကာဠုထေရ်ဂါထာစီတဲ့၊ ရာသီမိန်ချိန်သမယမှာ လွမ်းလှတပေါင်း"ဟူသော စာချိုးလေးနှင့်အညီ ရွက်ဟောင်းမြည့်၍ ရွက်သစ်ဝေသော လွမ်းမောဖွယ်ကောင်းသည့် လပင်ဖြစ်သည်။ တပေါင်းလရာသီမှာ မိန်ရာသီဖြစ်သည်။ ဥတ္တရာဘဂုဏ္ဏနက္ခတ်သည် လမင်းသော်တာနှင့် ယှဉ်ပြိုင်ပြီး ထွက်ပေါ်လာသည်။ ရာသီပန်းကား သရဖီပန်းဖြစ်သည်။ ရှေးစာဆိုတစ်ဦးကလည်း "မိန်တပေါင်းညာညောင်းလို့ ရွက်ကြွေ၊ ပြုဗ္ဗာဘဂုဏ္ဏာနှင့် ရာသီမှာ ရွှေဖီဆန်းတယ်၊ ပန်းမြဝတ်ရွှေ ငါးကြင်းရုပ်ကိုဖြင့်၊ သွင်းလုပ်ကာပွေလီလို့ ဝေစီစီစေတီပွဲမှာ နွဲ့ကြတဲ့ကျက်သရေ မေ့ချေဘူးနေ့တိုင်း" ဟူ၍စပ်ဆိုပြီး တပေါင်းလ၏ ရာသီအခါ၊ ရာသီရုပ်၊ စန်းယှဉ်နက္ခတ်၊ ရာသီပန်းနှင့် ရာသီပွဲများကို မှတ်တမ်းတင်ခဲ့သည်။

တစ်ဆယ့်နှစ်လတွင် တပေါင်းလသည် သာယာဆုံးအခေါင်အမှူးဖြစ်ရုံမျှမက အသက်ကြီးဆုံး နောင်တော်ကြီးလည်းဖြစ်၍ 'တပေါင်းသာခေါင် လများနောင်' ဟူ၍လည်းကောင်း၊ ကြင်သူနှင့်ဝေးသူတို့ လွမ်းဆွေးရတဲ့ရာသီမို့ 'မြိုင်ခွင်တစ်ကြော၊ ဥဩရင့်ကြွေး၊ ကျူးသံပေးလျက်၊ လွမ်းရေးဖြာဖြာ၊ အူသည်းညှာတွင်၊ ကြွေရှာလှုဖွယ်' ဟူ၍လည်းကောင်း၊ ဤလရာသီသည် သာယာလွန်းလှ၍ 'ရသေ့သူတော်စင်ပင်၊ ဉာဏ်မခိုင် စျာန်ယိုင်လျှောရတဲ့ ရာသီ' ဟူ၍လည်းကောင်း စသဖြင့်ဖွဲ့ဆိုကြ၏။ မြတ်စွာဘုရားသည်ပင် ရတနသုတ်ပရိတ်တွင် ဝနပ္ပဂုမ္ဗေဂါထာဖြင့် တပေါင်း၊ တန်ခူး၏သာယာပုံကို ဥပမာပေး ဟောကြားတော်မူသည်။

**တပေါင်းလပြည့် ပြည်တော်ဝင်နေ့**

မြန်မာပြက္ခဒိန်မှ လပြည့်ရက်တိုင်းသည် နေ့ထူးနေ့မြတ်များဖြစ်ပြီး သာသနာ့ပွဲ၊ ရိုးရာဓလေ့ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ တပေါင်းလပြည့်နေ့ကို "ပြည်တော်ဝင်သောနေ့"ဟု ခေါ်ဆိုကြသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးလျက် အင်္ဂတိုင်းနှင့် မဂဓတိုင်းမှ ဒါယကာဒါယိကာမများအား တရားရေအေး တိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ကြားသိသောအခါ သားတော်ဘုရားကို ဖူးတွေ့ချင်နေသည်။ ထို့ကြောင့် အမတ်တစ်ယောက်အား အခြွေအရံတစ်ထောင်နှင့်အတူ စေလွှတ်၍ ပင့်ခိုင်း၏။ ထိုအမတ်သည် မြတ်ဗုဒ္ဓထံ ရောက်လာရာမှ တရားတော်ကိုနာယူပြီး အခြွေအရံတို့နှင့်အတူ ရဟန်းပြုသွားသည်။ သုဒ္ဓေါဒနမင်းကြီးထံ ဘုရားရှင်ကြွရောက်တော်မူရန် မပင့်ဖြစ်ချေ။ မင်းကြီးလည်း နောက်ထပ် အမတ်တို့ကို အခြွေအရံတစ်ထောင်စီဖြင့် ကိုးကြိမ်တိုင်အောင် စေလွှတ်ခဲ့သည်။ သို့သော် အားလုံး ရဟန်းပြု၍ နေကြပြန်သည်။ ကိုးခေါက်ရှိခဲ့သော်လည်း ဘုရားမြတ်စွာထံမှ တရားနာယူ၊ ရဟန္တာဖြစ်ကြ၍ အရဟတ္တဖိုလ်ချမ်းသာခံစားကြလျက် လူ့ကိစ္စကို လျစ်လျူရှုပြီး တစ်ဦးတစ်ယောက်မျှ ပြန်မလာကြတော့ပေ။

"ချစ်သည်လွန်းကျူး၊ ငါ့သားဦးကို၊ ကျွန်မှူးကိုးယောက်၊ ကိုးထောက်မြောက်လျှင်၊ ကိုးခေါက် မင်းစေ၊ ပင့်ရလေလည်း၊ ပရမေမှန်ကင်း၊ လူသနင်းလျှင်၊ သံညင်းမိန့်ခြွေ၊ ဟောတုံပေကာ၊ ကျွတ်လေသည်သာ မပြန်လာတည်း"ဟု သုဒ္ဓေါဒနမင်းကြီးလည်း သားတော်ဘုရားအား တမ်းတ၍ ညှိုးငယ်နေရသည်။ ထို့ကြောင့် ဆယ်ကြိမ်မြောက်တွင်မူ ဗုဒ္ဓဘုရားရှင်နှင့် ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကို စေလွှတ်ခဲ့သည်။ ကာဠုဒါယီအမတ်သည်လည်း ရှေးကအမတ်များနည်းတူပင် နောက်ပါများနှင့်တကွ ရဟန်းပြုပြန်သည်။ သို့ရာတွင် ခရီးလမ်းပန်းသာယာသော တပေါင်းလအချိန်သို့ ရောက်သောအခါတွင်ကား လမ်းခရီးသာယာပုံ တပေါင်းအလှကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် ဖွဲ့နွဲ့ကာ ကပိလဝတ်ပြည်သို့ ကြွပါမည့်အကြောင်း ဘုရားရှင်အား လျှောက်ထားတောင်းပန်သည်။

ဗုဒ္ဓဘုရားရှင်လည်း လက်ခံလျက် တပေါင်းလပြည့်နေ့၌ ကပိလဝတ်ပြည်သို့ ကြွတော်မူခဲ့သည်။ တပေါင်းလပြည့်နေ့သည် ဘုရားရှင်ပြည်တော်ဝင်ရန် စတင်ကြွလှမ်းသောနေ့ဖြစ်သဖြင့်လည်း ထိုနေ့ကို အကြောင်းပြု၍ ပြည်တော်ဝင်နေ့ဟုခေါ်ဆိုကြသည်။

**အဖေများနေ့**

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူခြင်းကြောင့် နိဂြောဓာရုံကျောင်းကြီး ပေါ်ပေါက်လာသည်။ ဂါထာ ၁၀၀၀ ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူခဲ့သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်လည်း မဟာဓမ္မပါလဇာတ်တော်ကြီးကို ကြားနာရသဖြင့် အနာဂါမ် တည်ခဲ့သည်။ နောင်အခါအရဟတ္တဖိုလ် တည်သွားသည်။ ဗုဒ္ဓဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူ၍ တရားဟောတော်မူသဖြင့် မိထွေးတော်ဂေါတမီသည်လည်း သောတာပန်တည်သည်။ ယသောဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကိုလည်း မြတ်စွာဘုရားက ဟောတော်မူခဲ့သည်။ ညီတော်နန္ဒမင်းသား ရဟန်းပြုဖြစ်သည်။ သားတော်ရာဟုလာ သာမဏေဘဝသို့ ရောက်ရှိသည်။ သာကီဝင်မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ရှိသည်။ ဆွေမျိုးတို့ ဘုရားရှင်ကို ကြည်ညိုစေရန် ဆောင်ရွက်ရာ၌ အထူးအောင်မြင်သဖြင့် ကာဠုဒါယီမထေရ်အား ကုလပ္ပသာဒတေဒဂ်ဘွဲ့ ချီးမြှင့်တော်မူခဲ့သည်။ ဖခမည်းတော်အား တရားဖြင့် ကျေးဇူးဆပ်ခြင်းကြောင့် တပေါင်းလပြည့်နေ့ကို "အဖေများနေ့" ဟု သတ်မှတ်ကြခြင်းလည်းဖြစ်ပေမည်။

**သဲပုံစေတီပွဲ**

ဝသဘမထေရ်လောင်းလျာသည် ဗုဒ္ဓ ကင်းဆိတ်ရာ သာသနာပကာလတွင် စျာန်အဘိညာဥ်ရ ရသေ့ဝတ်ဘဝဖြင့် ဟိမဝန္တာတောင်၏အနီး သမင္ဂတောင်ခြေသခ်မ်းကျောင်း၌ တပည့်တစ်သောင်းလေးထောင်ကို ဆုံးမဩဝါဒပေးလျက် သီတင်းသုံး နေထိုင်တော်မူသည်။ တစ်နေ့သ၌ "ငါ့ကို လူများစွာက ပူဇော်ကြ၏၊ ငါ့မှာတော့ ပူဇော်ဖို့ရာ တစ်စုံတစ်ရာမျှပင်မရှိ၊ ငါ့အားပြောဆိုဆုံးမမည့်သူမရှိ၊ ဆရာမဲ့စွာနေရ၏၊ အလေးအမြတ်ပြုစရာမရှိဘဲ နေထိုင်ရခြင်းသည် အကျိုးမဲ့လှ၏။ မြတ်နိုးဖွယ်ရာ၊ အလေးအမြတ်ပြုရာဆရာနှင့် အတူနေသင့်၏" ဟုကြံတွေးလျက်ကျောင်းသခ်မ်း၏အနီး အမရိကမြစ်ကမ်းမှ သန့်ရှင်းသောသဲများကို သယ်ဆောင်လျက် မွေ့ပျော်ဖွယ်ကောင်းသောကမ်းစပ်တွင် ဘဝခပ်သိမ်းတို့၏အဆုံးကို ပြုတော်မူပြီးကုန်သော ဘုရားရှင်တို့ကို နိမိတ်(အာရုံ)ယူနိုင်ရန် သဲပုံစေတီတည်ပြီး ရွှေရောင်အဆင်းဖြင့် ဖန်ဆင်းထား၏။

နေ့စဉ် ပန်းများစွာဖြင့် ပူဇော်ခြင်း၊ နံနက်၊ ည တစ်နေ့နှစ်ကြိမ် သဲပုံစေတီတော်အား သက်တော်ထင်ရှားဘုရားရှင်ထံမှောက် ရောက်ရှိနေဘိအလား ရှိခိုးခြင်း၊ ကာမဂုဏ်ကိုမှီ၍ ကိလေသာအတွေးများ တွေးမိက ဘုရားကို အမှီပြုနေသောငါ့အား ဤကဲ့သို့ ကိလေသာစိတ်ကူးခြင်းသည် မသင့်ဟု ယုတ်ညံ့သောအတွေးကို ဖျက်ဆီးပစ်ခြင်းဖြင့် အသက်ထက်ဆုံး နေထိုင်သွား၏။ ထိုကုသိုလ်ဖြင့် ဘဝကောင်းဂတိကောင်းတို့၌ အထက်ကျစွာဖြစ်ရပြီး ဂေါတမမြတ်ဗုဒ္ဓလက်ထက် ဥပုသ်နေ့တွင် ရွှေစေတီကို ဖူးမြင်ရ၍ အတိတ်ဘဝက သဲပုံစေတီကို အမှတ်ရကာ တစ်ထိုင်တည်း ဝိပဿနာရှုပွား၍ ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာဖြစ်ခဲ့ပေသည်။ ဤအကြောင်းအရာကို အခြေပြု၍ ယနေ့ထိတိုင် "သဲပုံစေတီပွဲ"ကို ကျင်းပလေ့ရှိကြသည်။ "မာသခါကောင်း၊ လတပေါင်းဟု၊ မနှောင်းစေရ၊ ကမ်းသောင်စတွင်၊ မြူလွှစီစီ၊ သဲစေတီကို၊ ပြည်ညီတင်ထား၊ ညွတ်တွားကြည်လင်၊ ရှိစုံစင်လျက်၊ သဘင်ပျော်မြဲ ရာသီပွဲ"ဟူ၍ စာဆိုဦးယာက ရေးဖွဲ့ခဲ့သည်။

စာမျက်နှာ ၇ သို့ ✤

> ဝသဘမထေရ်လောင်းလျာသည် "ငါ့ကို လူများစွာက ပူဇော်ကြ၏၊ ငါ့မှာတော့ ပူဇော်ဖို့ရာ တစ်စုံတစ်ရာမျှပင်မရှိ၊ ငါ့အားပြောဆိုဆုံးမမည့်သူမရှိ၊ ဆရာမဲ့စွာနေရ၏၊ အလေးအမြတ်ပြုစရာမရှိဘဲ နေထိုင်ရခြင်းသည် အကျိုးမဲ့လှ၏။ မြတ်နိုးဖွယ်ရာ၊ အလေးအမြတ်ပြုရာဆရာနှင့် အတူနေသင့်၏" ဟု ကြံတွေးလျက် ကျောင်းသခ်မ်း၏အနီး အမရိကမြစ်ကမ်းမှ သန့်ရှင်းသောသဲများကို သယ်ဆောင်လျက် မွေ့ပျော်ဖွယ်ကောင်းသောကမ်းစပ်တွင် ဘဝခပ်သိမ်းတို့၏အဆုံးကို ပြုတော်မူပြီးကုန်သော ဘုရားရှင်တို့ကို နိမိတ် (အာရုံ) ယူနိုင်ရန် သဲပုံစေတီတည်ပြီး ရွှေရောင်အဆင်းဖြင့် ဖန်ဆင်းထား၏

✪ မကွေးမှ

တိုးတက်ရရှိလာပြီဖြစ်ကြောင်း မကွေးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**နှစ်စဉ်အဆင့်မြှင့်တင်**

"မကွေးခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၂၈၆ ရွာမှာရှိတဲ့ ပြည်သူ ၁၁၈၆၄၈၉ ဦးကို အကျိုးပြုနိုင်ဖို့ အဓိကရည်ရွယ်ဆောင်ရွက်နေတာပါ။ အခုဘဏ္ဍာနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ လမ်းနဲ့ တံတားတွေကြောင့် ခရိုင်အတွင်းမှာ ကျေးလက်လမ်း၊ တံတားတွေ တိုးတက်မှုအနေနဲ့ ရာသီမရွေး သွားလာနိုင်သော (ကွန်ကရစ်၊ ကတ္တရာ)လမ်း ၁ ဒသမ ၁၉ ရာခိုင်နှုန်း၊ အမာခံကျောက်ချောလမ်း ၅ ဒသမ ၅၇ ရာခိုင်နှုန်း၊ ဂဝံ/မြေနီလမ်း ၇၂ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် လှည်းလမ်း ၂၀ ဒသမ ၂၉ ရာခိုင်နှုန်းရှိလာမှာ ဖြစ်ပါတယ်။ လမ်းတွေကတော့ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံ/မြေနီလမ်း၊ မြေသားလမ်း၊ လှည်းလမ်းစသဖြင့် အမျိုးမျိုးရှိပါတယ်။ အဓိကတော့ ကျေးလက်ဒေသ ပြည်သူတွေ ရာသီမရွေးသွားလာ အသုံးပြုနိုင်တဲ့ လမ်းတွေဖြစ်အောင် ဘဏ္ဍာနှစ်အလိုက် နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း၊ ဖြည့်စွက်၊ ပြင်/ထိန်း၊ အရေးပေါ်၊ ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေ ၂၃၉၂ ဒသမ ၇၁၈ သန်းဖြင့် ကတ္တရာလမ်း (၀/၂ဒသမ၅၆)မိုင်၊ ကျောက်ချောလမ်း(၂/၀)မိုင်၊ ဂဝံ/မြေနီ (၂၂/၄ ဒသမ ၆၇) မိုင်နှင့် ကွန်ကရစ်တံတားငါးစင်း၊ ရေကျော်ကိုးစင်း၊ Box Culvert အစင်း ၅၀ နှင့် အခြားလုပ်ငန်း ၁၃ ခုအား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်လမ်းတံတားများ ရေရှည်တည်တံ့စေရန်အတွက် လမ်း(၁၇/၄ ဒသမ ၄)မိုင်အား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်လျက်ရှိ**

မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်း၊ တံတားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များ အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ရေး၊ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နှင့် မြို့ပြကွာဟမှု လျှော့ချနည်းရေးအတွက် ကျေးလက်လမ်း၊ တံတားများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိကျေးရွာများ အားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် ရေးဆွဲထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ မကွေးခရိုင်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို နှစ်စဉ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်လမ်း၊ တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းလျာထားခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ လျာထားလုပ်ငန်းများအတွက် မြေစမ်းသပ်ခြင်း၊ ဒီဇိုင်းတင်ပြတောင်းခံထားခြင်း၊ မြေပြင်ကွင်းဆင်း ဆောင်ရွက်ခြင်း စသည့် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**အောင်မင်းဟန်(သတင်းစဉ်)**

■

✰ ရှေ့ဖုံးမှ

မြိတ်-ကျွန်းစု ခရီးစဉ်များအတွက် လက်ရှိအနေထားတွင် လေးကျွန်း၊ သမီးလှကျွန်းခရီးစဉ်တို့အတွက် လူတစ်ဦးလျှင် ငွေကျပ်နှစ်သိန်း (နေ့ချင်းပြန်)၊ စမတ်၊ ဒုံးညောင်မှိုင်း၊ ဒုံးရေတံခွန်ခရီးစဉ်များအတွက် လူတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းခွဲ (နေ့ချင်းပြန်)၊ စမတ်၊ ဘေလီ၊ ကြယ်လိပ်ကျွန်း ခရီးစဉ်များအတွက် လူတစ်ဦးလျှင် ငွေကျပ်သုံးသိန်း (နေ့ချင်းပြန်) သတ်မှတ်ထားကြောင်း ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြိတ်-ကျွန်းစုဒေသရှိ ကျွန်းများပေါ်တွင် အဓိကလိုအပ်နေသည့် Activity နည်းပါးနေခြင်း၊ ပို့ဆောင်စရိတ်ကြီးမြင့်နေခြင်း စသည့်အခက်အခဲများ ရှိနေသော်လည်း ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များအတွက် အဆင်ပြေနိုင်စေရန် ခရီးစဉ်များ ကြိုးစားပြေးဆွဲပေးနေရကြောင်း လုပ်ငန်းရှင်များက ပြောသည်။

မြိတ်-ကျွန်းစုဒေသ ကျွန်းများသည့် ပင်လယ်ပြင်အတွင်း သဘာဝအနေအထား၊ သဘာဝအလှများ၊ ရေပေါ် ခြေတံရှည်အိမ်လေးများ အစီအရီ၊ ဒေသခံများ၏ တံငါလုပ်ငန်း၊ ရေပေါ်ရေအောက် ကျောက်ဆောင်၊ ကျောက်ခန်းများ၊ သန္တာကျောက်တန်းများ၊ ရေမှော်များ၊ သဘာဝငါးမျိုးစိတ်ပေါင်းများစွာကို လေ့လာနိုင်ပြီး ပင်လယ်ကမ်းခြေအနီး ရေကူးနိုင်သည့်အပြင် သဘာဝအလျောက် ပေါက်ရောက်နေသော ဒီရေတောများသည် မြင်ရသူ ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များအတွက် စိတ်ချမ်းမြေ့ကြည်နူးမှုကို ဖြစ်စေသည်။

**မြင့်ဦး(မြိတ်)**



## ပင်လောင်းမြို့နယ်၌ လက်ဖက်ခြောက် ထုတ်လုပ်နေမှုစစ်ဆေး

**ပင်လောင်း မတ် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ(RBF) စီမံကိန်းဖြင့် Green Tea လက်ဖက်ခြောက် ထုတ်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက စင်းဆင်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများသည် စင်းဆင်းကျေးရွာတွင် လက်ဖက်ခြောက် စက်ရုံတည်ဆောက်ထားရှိမှု အခြေအနေများ၊ အသင်းသား အသင်းသူများက လက်ဖက် ကုန်ကြမ်းပစ္စည်းများ စုစည်းထားရှိမှု အခြေအနေများနှင့် လက်ဖက်ခြောက်ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လက်ဖက်ခြောက်အား ဈေးကွက်ထုပ်ပိုးမှုပုံစံနှင့် အရည်အသွေး ပြည့်မီသည့် လက်ဖက်ခြောက်များ ထုတ်လုပ်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

စင်းဆင်းကျေးရွာတွင် အဆိုပါလုပ်ငန်းများကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေကျပ် သိန်း ၂၅၀၊ အသင်းသား အသင်းသူများမှ ထည့်ဝင်ငွေကျပ် သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း ၃၄၀ ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ အသင်းသား အသင်းသူ ၁၅ ဦးက အစုအဖွဲ့စနစ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒေသထွက်လက်ဖက်များကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ Green tea လက်ဖက်ခြောက်များ စတင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၂၂

✤ စာမျက်နှာ ၆ မှ

မြန်မာဝေါဟာရအရ စေတီသည် ပါဠိဝေါဟာရ "စေတိယ"မှ ဆင်းသက်လာပြီး မြန်မာအဘိဓာန်တွင် စေတီကို ရှိသေပူဇော်အပ်သည့်အရာ၊ ဓာတ်တော်မွေတော်တို့ကို ဌာပနာထားသော အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့အတူသဲပုံစေတီကို ခွေအဆင့်ဆင့်ခံ၍သဲဖြင့် တည်ထားသောစေတီဟု အနက်ဖွင့်သည်။ စေတီတော်လေးမျိုးဖြစ်သည့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿစေတီတို့အနက် သဲပုံစေတီသည် မြတ်စွာဘုရားရှင်ကို ရည်မှတ်ရှိခိုးပူဇော်ရန် တည်ထားကိုးကွယ်သည့် ဥဒ္ဒိဿစေတီဖြစ်သည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်အား ရည်မှန်းဦးခိုက်၍ မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီး တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ကြီးမှူး၍ ရွှေတိဂုံစေတီတော်ကြီး တည်ထားခဲ့သည်ဟု သမိုင်းတွင် လေ့လာတွေ့ရှိရသည်။

**ဒါနမြိုင်စွ တပေါင်းလ**

တပေါင်းလပြည့်နေ့တွင် မြစ်၊ ချောင်းအနီးနားတွင်ရှိသော အရပ်ဒေသများ၌ သဲပုံစေတီပွဲကျင်းပသကဲ့သို့ တခြားသော အနယ်နယ်အရပ်ရပ်တွင်လည်း ဘုရားပွဲများ၊ ထီးတော်တင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကြခြင်းပင်ဖြစ်သည်။ တောင်သူလယ်သမား အားလပ်ရက်ဖြစ်သောကြောင့် ကျေးလက်ဒေသများတွင် အလှူတော်မင်္ဂလာပွဲများကိုလည်း ခြိမ့်ခြိမ့်သဲကျင်းပကြသည်။ ထို့ကြောင့်ပင် အခါကောင်းသည့် လတပေါင်းဟူ၍လည်းကောင်း၊ တပေါင်းလပြည့်အခါ မင်္ဂလာဟုလည်းကောင်း ရှေးလူကြီးများက တင်စားကြခြင်းဖြစ်သည်။ တပေါင်းလပြည့်နေ့တွင် သီတင်းသီလဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုခြင်းတို့ဖြင့် ကုသိုလ်တရားပွားများနိုင်ကြပါစေကြောင်း၊ မြန်မာပြည်ကြီး သာသနာတန်ခိုးဖြင့် အေးချမ်းပါစေကြောင်း ဆုမွန်ကောင်းများ ပို့သလျက်ရေးသား လိုက်ရပေသည်။ ။

ကိုးကားချက် -

မြန်မာ့စွယ်စုံကျမ်းအတွဲ(၄)

## လမြတ်တပေါင်း

❖ မိန်ရာသီ လတပေါင်း
နှစ်ဟောင်းဖြင့် ကုန်တော့မည်။
ရာသီမှာ နှစ်ကောင်ငါးနှင့်
ဟန်ကားထည်ထည်။
ဥတ္တရ ဖလဂုနီ
နက္ခတ်သည် ထွန်းကာလင်း။
သရဖီ အလှပန်းက
မွှေးလန်းထုံသင်း။

❖ ဆောင်းကြွင်းချိန် ခါနွေဦး
ဖူးပုရစ် စီရရီ။
ဟောင်းရွက်ကြွေ လေအသွေးမှာ
မျောဝေးခဲ့ပြီ။
ဝန်းကျင်က တင့်တယ်သည်
မြရောင်ခြည် ခြယ်ကာလင်း။
နေအလှ ကမ္ဘာလာခင်းက
စိမ်းမြမြဝင်း။

❖ သုံးလောက ထွတ်တင်ထား
မြတ်ဘုရားထံသို့ရည်။
ကာဠုဒါရီ အမတ်မင်း
လျှောက်သွင်းကာတည်။
ကပိလဝတ် ပြည်ဌာနီ
ကြွချီကာ ရောင်ဝါကျင်း။
သာသနာ သည်အဆင်းက
ထွန်းလင်းကာဝင်း။

❖ ထို့ပြင်ပင် ဘယ်မက
သာသနာ့ ရောင်ဝါခြည်။
ရွှေတိဂုံ စေတီမြတ်
တည်အပ်နေ့သည်။
၁၀၃ ခု တပေါင်းလပြည့်ဆီ
ဗုဒ္ဓဟူးမည် နေ့မြတ်ဝင်း။
ထူးခြားကာ မြန်ပြည်လင်းတဲ့
စိန်ခင်းရွှေဆင်း။

❖ မြစ်ကမ်းယံ သောင်ခြေဦး
ကမ်းနဖူး ထိုမှာဆီ။
မြတ်ဘုရား ရှယ်ရည်စူး
ဖူးမြင်နိုင်သည်။
သဲပုံလှ မြတ်စေတီ
ကြည်ညိုရည် အာရုံခင်း။
ကုသိုလ်ဟုန် ဆင်းဂုဏ်ချင်းရယ်
ဝင်းပပလင်း။

❖ လမြတ်ချိန် ခါတပေါင်း
မဟောင်းဘဲ သစ်လွင်သည်။
လက်တို့ကာ ညွှန်ကာပြ
ဗုဒ္ဓရောင်ခြည်။
မမေ့မလျော့ စိတ်တည်ကြည်
မာန်လျှော့သည် စိတ်ကိုလင်း။
သည်လရယ် သည်အခင်းက
စိတ်ရှင်းကာဝင်း။ ။

ပြေအေးသက်

# (၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနား ကျင်းပ

ဘားအံ မတ် ၂

(၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို မတ် ၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက နေကြာ၊ မြေပဲ၊ မိုးစပါး၊ ပဲတီစွေ၀ါ၊ နွေနှမ်း၊ ရော်ဘာ၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးရေးအထူးဆုရရှိသူများ၊ နွား၊ ဆိတ်၊ ဝက်၊ ဥစားကြက်၊ ကာကီကင်းဘဲ တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု အထူးဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော မြို့နယ်အသီးသီးရှိ ရပ်ကွက်နှင့် ကျေးရွာများမှ စိုက်ပျိုးမွေးမြူရေး တောင်သူများအား သဘာဝမြေဩဇာ၊ မွေးမြူရေးအစားအစာနှင့် ငါးအစာများ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ကရင်ပြည်နယ်အစိုးရအဖွဲ့၏တောင်သူအကျိုးပြု စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြခန်း၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြရာ



သက်ဆိုင်ရာတာဝန်ရှိသူများက ပြခန်းပြကွက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**



# (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

လွိုင်ကော် မတ် ၂

၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကျင်းပနေမှုကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ယင်းပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်များဖြစ်သော မူးယစ်ဆေးရန်တို့တွန်းလှန် ကြိုးစားတိုက်ဖျက်နိုင်ငံအတွက်၊ မူးယစ်ကင်းစင် တို့ပြည်တစ်ခွင် သာယာလှပ လူမှုဘဝ၊ ငါတို့ရဲ့အနာဂတ်သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာဖန်တီးစို့၊ မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်စို့၊ လုံခြုံစိတ်ချ ပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ၊ မိသားစုနွေးထွေးမှုဖြင့် မိမိ၏ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့ (Photo Essay)၊ လူသားချင်းစာနာကျန်းမာဖို့ စိန်ခေါ်မူးယစ်တိုက်ဖျက်စို့ ခေါင်းစဉ်များဖြင့် လွိုင်ကော်မြို့ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုံရွာ မတ် ၂

စစ်ကိုင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းခရိုင် စုပေါင်းရုံးတည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် တည်ဆောက်ရေးတာဝန်ခံများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အသေးစိတ်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ဟုမ္မလင်းခရိုင် စုပေါင်းရုံးအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေး၍ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ကာ ကုသရေး လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်အတူ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတု ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ၌ တည်ရှိသော ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်ကြီး၏ (၇၅)နှစ်ပြည့် စိန်ရတု ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်နေ့ အထိ တစ်မူထူးခြားစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

“ဒီနှစ်ဘုရားပွဲတော်ကြီး ကျင်းပခြင်းက (၇၅)နှစ်ပြည့် စိန်ရတုနှစ် ဖြစ်နေတဲ့အတွက်ကြောင့် အရင်နှစ်တွေထက် တစ်မူထူးခြားပြီး ပွဲတော်ကြီးကို စည်ကားအောင် ဆောင်ရွက်နေပါတယ်။ ၁၃၈၄ ခုနှစ် တပေါင်း လပြည့်နေ့မှာ ရွှေစာရံစေတီတော်မြတ်ကြီးကို ရောင်တော်ဖွင့်မယ်။ ကျေးရွာတွေကနေ ရိုးရာထမနဲပွဲကို မနက် ၃ နာရီခွဲကနေ ၇ နာရီထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဘုရားကို ထမနဲဆွမ်းတော်ကပ်ပြီး ဘုရားဖူးလာရောက်ကြသူတွေကိုလည်း စတုဒိသာကျွေးမှာ ဖြစ်ပါတယ်။ ဒီနှစ်က စိန်ရတုနှစ်နဲ့ ကြုံနေတဲ့အတွက် တစ်မူထူးခြားပြီး တပေါင်းလပြည့်နေ့၊ လပြည့်ကျော် ၇ ရက်နေ့နဲ့ လပြည့်ကျော် ၈ ရက်နေ့မှာ ရွှေစာရံရွာသူ ရွာသားကောင်းမှု၊ တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှာ ကျွဲနဖားကျေးရွာအုပ်စု ရွာသူ ရွာသားများကောင်းမှု၊ တပေါင်းလပြည့် ကျော် ၂ ရက်နဲ့ လပြည့်ကျော် ၃ ရက်နေ့မှာ အုန်းချော ကျေးရွာမှ ရွာသူရွာသားများကောင်းမှု၊ တပေါင်းလပြည့်ကျော် ၄ ရက်နေ့မှာ ကြျူဝန်းကျေးရွာမှ ကျေးရွာသူကျေးရွာသားကောင်းမှု၊ တပေါင်းလပြည့် ကျော် ၅ ရက်နေ့မှာ ဆည်တော်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသား ကောင်းမှု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့မှာ ကျောက်ချောကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ ကောင်းမှုတို့ဖြင့် မနက်ပိုင်းတွေမှာ ထမနဲ စတုဒိသာကျွေးပြီး ညနေပိုင်းတွေမှာ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ဖို့ စီစဉ်ထားပါတယ်။ တပေါင်းလပြည့်ကျော် ၉ ရက်နေ့မှာ ပင့်သံဃာအပါး ၂၀၀ တို့ကို ရွှေစာရံဘုရားဂေါပကအဖွဲ့က ဦးစီးပြီး အများကောင်းမှုဖြင့် စာရေးတံမဲများ လောင်းလှူသွားမှာဖြစ်ပြီး အဲဒီညမှာ ဗုဒ္ဓပူဇနိယ ပွဲတော်ကို တရားပွဲဖြင့် အောင်မြင်စွာ ပိတ်သိမ်းသွားမှာ ဖြစ်ပါတယ်”ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မင်းက ပြောသည်။

သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၄၁၆ ခုနှစ်တွင် ဘုရားဒါယိကာမ မိုင်းမော်ဝ်ကေရီ လှဒေဝီ စောမွန်လှ (ရှမ်းပြည်နယ်အခေါ်)စဝ်မွမ်းလက တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် ရှေးအစဉ်အလာမပျက် “ရှမ်းဈေးတန်း” ကိုလည်း ရှမ်းပြည်နယ်မှ ကုန်သည်များက ရှမ်းပြည်နယ်ထွက် ကုန်စည် ပစ္စည်းနှင့် အစားအစာများကို သီးသန့်ခင်းကျင်းရောင်းချနိုင်ရန် အထူး စီမံနေရာချထား၍ သတ်မှတ်ပေးရကြောင်း၊ ထန်းရွက်ပုတီးသည် ရွှေစာရံဘုရားပွဲတော်၏ ထင်ရှားသော ဒေသထွက်ပစ္စည်းဖြစ်ကြောင်း သိရသည်။

**ထိပ်ထားနိုင်(ပြန်/ဆက်)**

# အာဆီယံနိုင်ငံများ၏ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေး လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂**

အာဆီယံနိုင်ငံများ၏ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေး လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Borobudur ဟိုတယ်၌ မတ် ၂ ရက်မှ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား**

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဖွင့်လှစ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေး ညွှန်ကြားရေးမှူးချုပ် Mr. Usman Kansong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား သည်။ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Ms. Yuliana Bachar က အမှာ စကားပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံ ဆက်သွယ် ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနက အဖွင့်အမှာ စကားပြောကြားကာ တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးဆိုင်ရာ အဖွဲ့ဝင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေး လမ်းညွှန်ချက်များ ထုတ်ပြန်ရန် ရေးဆွဲထားသော မိမိတို့နိုင်ငံ အခြေ အနေများနှင့် ချိန်ထိုး၍ ဆွေးနွေးကြသည်။ မြန်မာ နိုင်ငံ ကိုယ်စားလှယ်အဖြစ် တက်ရောက်သော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးမြင့်ကျော်က သတင်းတု၊ သတင်းမှား များနှင့် မဟုတ်မမှန် လုပ်ကြံဖန်တီးထားသော သတင်းများကြောင့် မိမိတို့ ရင်ဆိုင်နေရသည့် အခြေအနေများကို ယခုရေးဆွဲမည့် လမ်းညွှန်တွင် ထည့်သွင်းသုံးစွဲရေးနှင့် သတင်းမှားများကြောင့် အပြစ်မဲ့ပြည်သူများ နစ်နာမှုမရှိရေးသည် လူ့အခွင့် အရေးကို အထူးကာကွယ်ရာရောက်ကြောင်း၊ သတင်း မှားများဖြစ်နေမှန်းသိပါလျက် အကြောင်းအမျိုးမျိုး ကြောင့် သတင်းမှန်များကို လျစ်လျူရှုခြင်းသည်လည်း သတင်းမှားများ အန္တရာယ်ကာကွယ်ရေး၊ ဒေသတွင်း ကဏ္ဍစုံပူးပေါင်းရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် အဟန့်အတားများ ဖြစ်စေနိုင်ကြောင်း နှင့် မြန်မာနိုင်ငံတွင် ပြည်တွင်းရော ပြည်ပနိုင်ငံများ အထိ သတင်းမှန်များ စီးဆင်းရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

**လမ်းညွှန်ချက်များအဖြစ်**

ယခုအလုပ်ရုံဆွေးနွေးပွဲမှ အချက်အလက် များကို ဇွန်လတွင်ကျင်းပမည့် အာဆီယံအဆင့်မြင့် အရာရှိကြီးများနှင့် ဝန်ကြီးများအဆင့် အစည်းအဝေး တွင် အတည်ပြု၍ သတင်းတု၊ သတင်းမှား တိုက်ဖျက် ရေး လမ်းညွှန်ချက်များအဖြစ် သတ်မှတ်ဆောင်ရွက် မည်ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက လူကိုယ်တိုင် တက်ရောက်ကြပြီး ကျန်အာဆီယံနိုင်ငံများက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေ ရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့ တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၄ -၃ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၉) တွင် မိမိတို့၏ မှားယွင်းသောလုပ်ဆောင်ချက်များကို သတိမပြုမိဘဲ သူတစ်ပါးကိုသာ အပြစ်မြင်တတ်သော သားသမီးများ ကို ဆုံးမသည့်အကြောင်းအရာများကို ဗဟုသုတ ဖြစ်ဖွယ် တင်ဆက်ထားသည့် “မေတ္တာရေစင်” မျက်နှာဖုံး ကာတွန်း၊ ရေတံခွန်များအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် “ရေတံခွန်များ” သုတဆောင်းပါး ကဏ္ဍ၊ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို ခိုးယူခြင်းမပြုဘဲ မိမိတို့ တတ်နိုင်သည့်ဘက်မှ ကူညီလုပ်ဆောင်ပေးခြင်းဖြင့် ရယူသင့်ကြောင်း အတု ယူဖွယ် တင်ဆက်ထားသည့် “ချက်စူရဲ့ စားမယ်ဝါးမယ်” နှစ်မျက်နှာကာတွန်း၊ မိသားစုအချင်းချင်း တစ်ဦးမကြိုက်သည့်အရာကို တစ်ဦးက မပြုမူဘဲ သင့်မြတ်စွာနေထိုင်သင့်ကြောင်း အတုယူဖွယ် တင်ဆက် ထားသည့် “ချမ်းမြေ့ကြပါစေ”ဝတ္ထုကဏ္ဍ၊ သူတစ်ပါးက စေတနာထားကာ ပြောဆိုသည့်စကားကို အလေးထား နေထိုင်ဆောင်ရွက်သင့်ကြောင်းနှင့် အကြောင်းအရာကိစ္စတစ်ခုခု ကြုံတွေ့လာပါက ဉာဏ်ပညာဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်းကို အတုယူဖွယ်တင်ဆက်ထားသည့် “လယ်သမား၏ဉာဏ်စွမ်း” ပုံပြင် ကဏ္ဍ၊ တစ်တောတည်းအတူနေ တိရစ္ဆာန်အချင်းချင်း တစ်ကောင်နှင့် တစ်ကောင် ကူညီရိုင်းပင်းကာ နေထိုင်သင့်ကြောင်း တင်ဆက်ထားသည့် “ကယ်တင်ခြင်း” နှစ်မျက်နှာကာတွန်း၊ ကိုရွှေရိုးနှင့် ကိုစောဟန် တို့နှစ်ယောက် မုန့်ဟင်းခါးစားပစ်၍ လမ်းစရိတ်ကုန်ကာ ဘတ်စ်ကားပေါ်တွင် အရှက်ရခဲ့ပုံကို တင်ဆက် ထားသည့် “ရွှေရိုးနှင့် မုန့်ဟင်းခါး” နှစ်မျက်နှာကာတွန်း၊ Relative Pronoun နှင့် ဆက်သွယ်ထားသည့် ဝါကျများအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ” ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများအတွက် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**နေပြည်တော် မတ် ၂**

စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ အတွက် အရည်အသွေးမီ စားအုန်း ဆီများကို ယနေ့နံနက်ပိုင်းတွင် ဈေးနှုန်းချိုသာ မှန်ကန်စွာဖြင့် လာရောက်ရောင်းချပေးသည်။

အဆိုပါ စားအုန်းဆီများကို စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်းတို့ ပေါင်းစပ်ညှိနှိုင်းပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးကြပ်ကာ Diamond Dragon Co.,Ltd. မှ အရည်အသွေးမီ စားအုန်းဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀ နှုန်းဖြင့် ဝန်ထမ်း ၁၁၀၀ အတွက် စုစုပေါင်း ပိဿာ ၂၂၀၀ ကိုရောင်းချပေးခြင်းဖြစ်သည်။

စားသုံးသူရေးရာ ဦးစီးဌာန အနေဖြင့် ယခုမတ်လအတွင်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက် တောင်ပေါ်ဒေသ ကျေးရွာများရှိ အခြေခံလူတန်းစားများ အတွက်လည်း ဦးစားပေး အစီအစဉ်အဖြစ် ဆက်လက် ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပါတီစုံခေတ်တွင် ပြည်သူကို ကိုယ်စားပြုရမည့်ပါတီများ ခိုင်မာအားကောင်းရေး

မဲဆန္ဒရှင်တစ်ဦး

> ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးကာလမှ ပြည်သူက ရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ လျှောက်လှမ်းစေခဲ့

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၆-၁-၂၀၂၃ ရက်စွဲဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ (၁၅/၂၀၂၃) ကို ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၃၁-၁-၂၀၂၃ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀/၂၀၂၃ ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ပေးခဲ့ပါသည်။

နိုင်ငံရေးပါတီဆိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည်။ ပါတီစုံခေတ်တွင် ပြည်သူကိုဗဟိုပြု၍ ပြည်သူ့အကျိုးကို မျက်နှာမူရသည့် နိုင်ငံရေးအင်အားစုများဖြစ်သည်။ ပါတီ၏ မူဝါဒသဘောတရားများကို ပြည်သူလူထုအတွင်း ပျံ့နှံ့အောင်ဆောင်ရွက်ပြီး အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးသဖွယ် ထိန်းညှိပေးရသကဲ့သို့ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ပြီး ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်ခွင့်ရရှိရေးအတွက်လည်း ကြိုးပမ်းနေကြရသည့် အဖွဲ့အစည်းများဖြစ်ကြသည်။

## နိုင်ငံရေးပါတီများအသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလ၊ တစ်ပါတီအုပ်ချုပ်ရေးခေတ်ကာလ၊ တစ်ပါတီစနစ်မှ ပါတီစုံစနစ်သို့ အသွင်ကူးပြောင်းရေးကာလ၊ ပါတီစုံဒီမိုကရေစီဒုတိယခေတ်ကာလနှင့် တပ်မတော်က နိုင်ငံတော်တာဝန်အား တာဝန်ယူစောင့်ရှောက်ခဲ့ရသည့်ကာလတို့ကို ဖြတ်သန်းခဲ့ရသည်။ ထိုခေတ်ကာလများ တစ်လျှောက်လုံးတွင် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ကြသည်။ အချို့လည်း မထင်မရှားရောထင်ထင်ရှားရှားပါ ပျောက်ကွယ်သွားခဲ့ကြသည်။ အချို့အထင်အရှားရပ်တည်လျက်ရှိဆဲဖြစ်သည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြားပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများအခြေအနေ၊ တောခိုလက်နက်ကိုင် သောင်းကျန်းမှုအခြေအနေများကြောင့် ၁၉၅၁ - ၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲတွင် ဖဆပလနှင့် ပမညတအတိုက်အခံညွန့်ပေါင်းအင်အားစုတို့ အဓိကအားပြိုင်ခဲ့ရာ ဖဆပလသည် အမတ်နေရာအများစုဖြင့် အနိုင်ရခဲ့ပြန်သည်။ လွတ်လပ်ရေးရပြီး ၁၀ နှစ်အကြာ ၁၉၅၈ ခုနှစ်တွင် ဖဆပလအစိုးရအတွင်း ပုဂ္ဂိုလ်ရေးနှင့်အာဏာရရေးအခြေခံသည့် သန့်ရှင်းနှင့် တည်မြဲတို့ နိုင်ငံရေးအုပ်စုကွဲဂယက်နှင့် အစိုးရယန္တရားပျက်ယွင်းတော့မည့် အခြေအနေတို့ကြောင့် တပ်မတော်က အိမ်စောင့်အစိုးရဖွဲ့ကာ နိုင်ငံ့တာဝန်ယူခဲ့ရပြီးနောက် ပြန်လည်ကျင်းပပေးခဲ့သည့် ၁၉၆၀ ပြည့်နှစ် တတိယအကြိမ်ရွေးကောက်ပွဲတွင် သန့်ရှင်းဖဆပလ အနိုင်ရရှိခဲ့သည်။ သန့်ရှင်းဖဆပလတို့က ပြည်ထောင်စုပါတီအမည်ပြောင်းပြီး အစိုးရအာဏာရယူကာ မကြာမီမှာပင် နိုင်ငံရေးအာဏာလုပွဲ အကွဲအပြဲဖြစ်ရပ်များ၊ ဖက်ဒရယ်ပြဿနာနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းလာမှုများကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်က တော်လှန်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကိုရယူခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီပထမခေတ်ကာလတွင် လွတ်လပ်ရေးနှင့်အတူပါလာသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှု၊ တရုတ်ဖြူ ပြည်ပကျူးကျော်မှု၊ နိုင်ငံရေးအုပ်စုကွဲ၊ ဂိုဏ်းကွဲများနှင့် အုပ်ချုပ်ရေးယန္တရားပျက်ပြားမှု၊ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲမှုနှင့် ပြည်ထောင်စုမှခွဲထွက်ရေး ကြိုးပမ်းမှုအနိဋ္ဌာရုံတို့ဖြင့် ဖြတ်သန်းခဲ့ရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ပါလီမန်ဒီမိုကရေစီပထမခေတ် တစ်ခန်းရပ်ခဲ့ရလေသည်။

## တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရ

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီခေတ်မှသည် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တစ်ပါတီဆိုရှယ်လစ်စနစ်ဖြင့် ၁၉၈၈ ခုနှစ်အထိ ၂၆ နှစ် ကြာမြင့်ခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလ နိုင်ငံတော်၏ အဘက်ဘက်မှ ပျက်စီးယိုယွင်းနေသောအခြေအနေ၊ တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေ၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်လာမှုကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးမည့် အခြေအနေတို့ကို အချိန်မီထိန်းသိမ်းနိုင်ရန် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပြီး တစ်ပါတီအုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းသွားခဲ့ရသည်။ တပ်မတော်က တာဝန်ယူပြီးသည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကိုဖွဲ့စည်းပြီးနောက် (၁) တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ (၂) လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ (၃) ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရေးနှင့် ပုဂ္ဂလိကသမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှကူညီဆောင်ရွက်ပေးနိုင်ရေး၊ (၄) ထိုလုပ်ငန်းရပ်များပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး လုပ်ငန်းတာဝန် ၄ ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေကို ဥပဒေအမှတ်၊ ၁/၈၈ ဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ကတည်းက ပါတီတည်ထောင်ရာတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်မှုမရှိခဲ့ခြင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ပါတီစုံစနစ်တည်ထောင်ရန် တောင်းဆိုခဲ့ကြသော်လည်း အသင်းအဖွဲ့အမျိုးမျိုး၊ သမဂ္ဂအမည်အမျိုးမျိုး၊ နောက်ခံအကြောင်းတရားအမျိုးမျိုးဖြင့် ပေါ်ပေါက်ခဲ့ခြင်းတို့ကြောင့် ပါတီစုံစနစ်သို့ပြောင်းလဲချိန်တွင် ပါတီအဖွဲ့အစည်းများကို စည်းကမ်းတကျဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈)နှင့် ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်၊ ၁၄/၈၉)ကို ပြဋ္ဌာန်းပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများကို မှတ်ပုံတင်ခွင့်ပြုခဲ့ရာ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုရက်ဖြစ်သည့် ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ အချိန် ငါးလအတွင်း မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်းမှာ ၂၃၅ ပါတီဖြင့် နိုင်ငံ့သမိုင်းတွင် နိုင်ငံရေးပါတီအများဆုံးအရေအတွက်ဖြင့် စံချိန်တင်ခဲ့လေသည်။

## ငါးပါတီသာမှတ်ပုံတင်ခွင့် ပြန်လည်လျှော့ကျထားခဲ့

ယင်းသို့ မှတ်ပုံတင်ထားသည့် ပါတီပေါင်း ၂၃၅ ပါတီအနက် ပါတီတွင်းမရပ်တည်နိုင်သည့် အခြေအနေများအရ ပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားသဖြင့် ယင်းတို့၏ဆန္ဒအရ ကော်မရှင်က ပါတီ ၁၀၂ ပါတီကို ဖျက်သိမ်းခဲ့ရသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံတော်အား လက်နက်စွဲကိုင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ၏ မြေပေါ်မြေအောက်အဖွဲ့အစည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့် ပါတီသုံးပါတီကို ဖျက်သိမ်းခဲ့ရသည်။ ရွေးကောက်ပွဲတွင် အနည်းဆုံးမဲဆန္ဒနယ် သုံးနယ်မှာပင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် ပါတီ ၃၇ ပါတီကိုလည်းပယ်ဖျက်ခဲ့ရသည်။ ရွေးကောက်ပွဲမကျင်းပမီမှာပင် ပါတီ ၁၄၂ ပါတီကို ဖျက်သိမ်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ပါတီဖျက်သိမ်းပေးရန် ဆန္ဒအလျောက်တင်ပြလာသည့် ပါတီ ၁၅ ပါတီ၊ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသည့် ပါတီငါးပါတီ၊ ပါတီလှုပ်ရှားမှုနှင့် အလုပ်အမှုဆောင်အဖွဲ့မရှိတော့သည့် ပါတီ ခုနစ်ပါတီ၊ နိုင်ငံရေးပါတီအင်္ဂါရပ်နှင့် မညီညွတ်တော့သည့် ပါတီ ၅၆ ပါတီတို့ကိုလည်း ကော်မရှင်က ဥပဒေနှင့်အညီ ဖျက်သိမ်းခဲ့ရသဖြင့် မူလက မှတ်ပုံတင်ခဲ့သည့် ပါတီပေါင်း ၂၃၅ ပါတီတွင် တရားဝင်ရပ်တည်နိုင်သည့် ပါတီ ၁၀ ပါတီသာကျန်ရှိပြီး ယင်းတို့အနက် ငါးပါတီသာ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မှတ်ပုံတင်ခွင့်ပြန်လည်လျှော့ကျထားခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှတ်တမ်းများအရ သိရှိရသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်ပွဲတွင် အနိုင်ရပါတီအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရတာဝန်လွှဲအပ်နိုင်ရေးအတွက် လိုအပ်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို ကျင်းပစေခဲ့သည်။ ရွေးကောက်ပွဲတွင် အမတ်နေရာအများဆုံးရရှိခဲ့သည့်ပါတီနှင့် ယင်းပါတီအမတ်များက အမျိုးသားညီလာခံမှ ကျောခိုင်းထွက်ခွာသွားခဲ့သဖြင့် ပါတီစုံခေတ်ပြန်လည်ရှင်သန်စေမည့် လမ်းကြောင်းဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရလေသည်။

## ပြန်လည်လမ်းခင်းပေး၍ လျှောက်လှမ်းစေခဲ့

အမျိုးသားညီလာခံမှ ပေါ်ထွက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)မူကြမ်းကို ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင်ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင် ၉၂ ဒသမ ၄ ရာခိုင်နှုန်းတို့၏ ထောက်ခံဆန္ဒမဲဖြင့် အတည်ပြုပြီးနိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို အသစ်ပြဋ္ဌာန်းပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းအတွက် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပေးခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည့် အုပ်ချုပ်ရေးကာလမှ ပြည်သူက ရွေးကောက်တင်မြှောက်သည့် ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ညင်သာချောမွေ့စွာဖြင့် ကူးပြောင်းပေးနိုင်ခဲ့သည်။ ပြည်သူတို့ လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ် ဒုတိယခေတ်ကာလကို ပြန်လည်လမ်းခင်းပေး၍ လျှောက်လှမ်းစေခဲ့သည်။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၈ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ခြောက်ဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဦးဆောင်ကာ လျှောက်လှမ်းခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်ရစမှာပင် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲအချိန်ကာလသို့ ရောက်ခဲ့ရလေသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၉၁ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၇၂၈ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃၁၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ် ၁၁၄၅ ဦး၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ငါးဦး ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး NLD ပါတီက အစိုးရဖွဲ့ကာ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းကို ဖြတ်သန်းခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီ ၈၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၂၆၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ သို့သော် ရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရ၏ ပါဝင်စွက်ဖက်မှုများ၊ မဲစာရင်းကြီးမားစွာမှားယွင်းမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို တာဝန်ယူမဖြေရှင်းဘဲ လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်အာဏာကို ရယူမည့်အခြေအနေတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလပြဋ္ဌာန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရလေသည်။ အရေးပေါ်ကာလဆိုသည်မှာ ဒီမိုကရေစီလမ်းကြောင်းမတိမ်းစောင်းရလေအောင် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းပေးရသည့် အခြေအနေပင်ဖြစ်သည်။ အစွန်းရောက်ဒီမိုကရေစီ အာဏာပိုင်လမ်းစဉ်သို့ ဦးတည်နေသောအခြေအနေအား အချိန်မီတားဆီးလိုက်နိုင်သည်ဟု ဆိုရပေလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေ့လုပ်ငန်းစဉ်များချမှတ်ထားပြီးဖြစ်ရာ ကျင်းပရန်ရှိသည့် လာမည့်အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက ဝင်ရောက်ယှဉ်ပြိုင်ကြရပေမည်။

အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် မဲဆန္ဒနယ်အားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်အောင်ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်သည်။ ရွေးကောက်ပွဲအတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေများလည်း သင့်လျော်သည့်အချိန်တွင် အသစ်ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

## ပါတီအမျိုးအစားသုံးမျိုးတွေ့ရှိရ

ပါတီစုံခေတ်နိုင်ငံရေးပါတီများကို လေ့လာကြည့်ရာ သာမန်အားဖြင့် ပါတီအမျိုးအစားသုံးမျိုးတွေ့ရှိရသည်။ နိုင်ငံရေးဝါဒအခြေပြုပါတီ၊ ဒေသ/လူမျိုးစုအခြေပြုပါတီနှင့် အခြေခံလူတန်းစား အခြေပြုပါတီတို့ဖြစ်သည်။ နိုင်ငံအချို့တွင် လူမှုပတ်ဝန်းကျင်အကျိုးပြုပါတီများလည်းရှိကြသည်ဟု ဆိုပါသည်။ ပါတီများ၏ ရပ်တည်မှုကိုလေ့လာကြည့်ရာတွင် တိုင်းပြည်အတွက် အမျိုးသားအကျိုးစီးပွားကို မဏ္ဍိုင်ပြု၍ရပ်တည်သည့်ပါတီ၊ နယ်မြေဒေသနှင့် တိုင်းရင်းသားလူမျိုးဝိသေသလက္ခဏာကို မဏ္ဍိုင်ပြု၍ မိမိဒေသ မိမိလူမျိုးကောင်းကျိုးအတွက် ရပ်တည်သည့် ပါတီ၊ အစိုးရအာဏာရရေးရပ်တည်သည့်ပါတီ၊ ဝန်ကြီးအမတ်နေရာရရေး ရပ်တည်သည့်ပါတီ၊ အစိုးရကိုထိန်းကျောင်းရန် အတိုက်အခံသဘောရပ်တည်သည့်ပါတီနှင့် နိုင်ငံရေးပလက်ဖောင်းနေရာတစ်ခုခုအတွက် ရပ်တည်သည့်ပါတီတို့ကို ယေဘုယျအားဖြင့်တွေ့ရှိရသည်။

မည်သည့်ရပ်တည်မှုဖြင့် မတူကွဲပြားစွာ ဖွဲ့စည်းတည်ထောင်ထားကြသည်ဖြစ်စေ ပါတီများ၏ တူညီသောရည်မှန်းချက်သည် လူထုထောက်ခံမဲဖြင့် ရွေးကောက်ပွဲအနိုင်ရပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်တွင် ပါဝင်နိုင်ရန်ဖြစ်သည်။ ပါတီ၏ နိုင်ငံရေးယုံကြည်ချက်၊ ပါတီ၏မူဝါဒ၊ ပါတီဖွဲ့စည်းပုံနှင့် စည်းမျဉ်း၊ ပါတီတွင်းအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု၊ ပါတီတွင်းစည်းလုံးညီညွတ်မှု၊ ပါတီဝင်အင်အား တိုးတက်ရရှိရေး၊ ပါတီ၏စည်းရုံးရေးစွမ်းရည်၊ ပါတီတာဝန်နှင့် နိုင်ငံ့တာဝန်၊ ပါတီအကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွား၊ လွှတ်တော်တွင်းနိုင်ငံရေးတာဝန်နှင့် လွှတ်တော်ပြင်ပနိုင်ငံရေးတာဝန်၊ ရွေးကောက်ပွဲအနိုင်ရရှိရေးနှင့် ပါတီရေရှည် အသက်ဝင်ရပ်တည်နိုင်ရေး စသည်တို့သည် ပါတီတစ်ရပ်ချင်းစီအပေါ်တွင် လူထုကအကဲဖြတ်ရမည့် နိုင်ငံရေးမှတ်ကျောက်များပင်ဖြစ်သည်။

လာမည့်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်ရာ ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော လူထုကိုယ်စားပြုမှုကို မြင့်မားစွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း မိမိတို့ရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ အချိုးကျစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံကြရမည်ဖြစ်ရာ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းနေရန်နှင့် စည်းရုံးရေးစွမ်းရည်မြင့်မားနေရန် မဖြစ်မနေလိုအပ်မည်ဖြစ်သည်။

၂၃-၁-၂၀၂၃ ရက်နေ့က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “…. မိမိတို့နိုင်ငံ၌ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်ဖြင့်သွားခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ် အမြန်ဖြစ်ထွန်းနိုင်ရေး နိုင်ငံရေးပါတီများဖွဲ့စည်းခွင့်ကို လျှော့ပေါ့ပေးသကဲ့သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူ နိုင်ငံသားအားလုံး ဒီမိုကရေစီ အတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အတွေ့အကြုံများအရ ပါတီများပြားသော်လည်း လွှတ်တော်၌ ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များ အစုအဖွဲ့တစ်ခုအနေဖြင့်သာ လုပ်ဆောင်နိုင်သည်ကိုတွေ့ရကြောင်း၊ အဆိုပါအစုအဖွဲ့မှာ ငယ်နေမည်ဆိုပါက ဧရိယာအားဖြင့် အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာဖြင့် ထုထည်ဖြင့်ဖွဲ့စည်းနိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန်လိုကြောင်း၊ ရှေ့လုပ်ငန်းစဉ်တွင်ပါရှိသည့်အတိုင်း ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို အတည်ပြုနိုင်ရန်အတွက် သုံးသပ်ဆွေးနွေးအကြံပြုစေလိုကြောင်း ….” ထည့်သွင်းပြောကြားခဲ့ပြီးဖြစ်သည်။

> **နိုင်ငံရေးပါတီများခိုင်မာအားကောင်းရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပါတီလုပ်ငန်းများစီမံအုပ်ချုပ်မှုကောင်းမွန်ခြင်း၊ ပါတီဝင်အင်အား များနိုင်သမျှများများစုဆောင်းနိုင်ခြင်း၊ ပါတီရန်ပုံငွေတောင့်တင်းခိုင်မာခြင်းနှင့် ပါတီ၏စည်းရုံးရေးစွမ်းရည်မြင့်မားနေခြင်းတို့ပင်ဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ပိုမိုအားကောင်းလာစေရန်၊ လာမည့်ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လက်ရှိနိုင်ငံရေးပါတီများ၏ ရပ်တည်မှုအခြေအနေနှင့်ကော်မရှင်က ပါတီများအား စစ်ဆေးတွေ့ရှိချက်များအရ ကျစ်လျစ်ပြီးခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်ထွန်းရန်လိုအပ်**

## နိုင်ငံရေးပါတီ ၉၁ ပါတီ တရားဝင်ရပ်တည်ဆဲဖြစ်

အသစ်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ဆဲနိုင်ငံရေးပါတီများအနေဖြင့် ပါတီဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း (၂၆-၁-၂၀၂၃ ရက်နေ့မှ ၂၈-၃-၂၀၂၃ ရက်နေ့အတွင်း) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ အလိုအလျောက်ပျက်ပြယ်မည်ဖြစ်သည်။ နိုင်ငံရေးပါတီတည်ထောင်ခွင့်အသစ် လျှောက်ထားလိုသူများအနေဖြင့်လည်း ၂၆-၁-၂၀၂၃ ရက်နေ့မှစ၍ လျှောက်ထားနိုင်မည်ဖြစ်သည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲမှသည် ယနေ့အချိန်အထိ နိုင်ငံရေးပါတီပေါင်း ၁၂၈ ပါတီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး လက်ရှိအချိန်အထိ နိုင်ငံရေးပါတီ ၉၁ ပါတီ တရားဝင်ရပ်တည်ဆဲဖြစ်သည်။ အများစုမှာ လွှတ်တော်သက်တမ်းနှစ်ဆက်တာကာလအတွင်း ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပါတီ၏အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်လိမ့်မည်ဟုယူဆပါသည်။ ပါတီမှတ်ပုံတင်ခွင့်မရှိစေရ ပြဋ္ဌာန်းချက်များနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ ပြဋ္ဌာန်းချက်များကိုလည်း သတိပြုကြရမည်ဖြစ်သည်။

နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းရန်အတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ပါတီလုပ်ငန်းများ စီမံအုပ်ချုပ်မှုကောင်းမွန်ခြင်း၊ ပါတီဝင်အင်အားများ နိုင်သမျှ များများစုဆောင်းနိုင်ခြင်း၊ ပါတီရန်ပုံငွေတောင့်တင်းခိုင်မာခြင်းနှင့် ပါတီ၏စည်းရုံးရေးစွမ်းရည်မြင့်မားနေခြင်းတို့ပင်ဖြစ်သည်။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ပိုမိုအားကောင်းလာစေရန်၊ လာမည့်ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်၊ လက်ရှိနိုင်ငံရေးပါတီများ၏ ရပ်တည်မှုအခြေအနေနှင့်ကော်မရှင်က ပါတီများအား စစ်ဆေးတွေ့ရှိချက်များအရ ကျစ်လျစ်ပြီးခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်ထွန်းရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စိတ်ရင်းစေတနာမွန်ဖြင့် ပေါ်ထွက်လာမည့် နိုင်ငံရေးပါတီများကိုလည်း လူထုကမျှော်လင့်နေမည်ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီများသည် အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ထိုက်သင့်သည့် ပါတီဝင်အင်အားစုဆောင်းရန်၊ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရှိသင့်သည့် ပါတီရန်ပုံငွေကြေးထားရှိရန်၊ ပါတီလုပ်ငန်းများစနစ်တကျဆောင်ရွက်ရမည့် ပါတီရုံးခန်းများဖွင့်လှစ်ရန်၊ ရွေးကောက်ပွဲတွင် ဥပဒေကသတ်မှတ်ထားသည့် မဲဆန္ဒနယ်အရေအတွက်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်တို့အတွက် အပြိုင်ကြိုးပမ်းနေကြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများအနေဖြင့် စည်းရုံးရေးစွမ်းရည်ကောင်းကောင်းဖြင့် ပါတီဝင်အင်အားများနိုင်သမျှများများစုဆောင်းနိုင်မှသာလျှင် ရွေးကောက်ပွဲတွင် မိမိပါတီကရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်အတိုင်း အခြေခံမဲနှင့် အကြွင်းမဲ တွက်ချက်နည်းတို့အရ မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးအမည်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ကျစ်လျစ်ခိုင်မာစွာ စုစုစည်းစည်းဖြင့်၊ ပါတီစည်းရုံးရေး စွမ်းအားကောင်းမွန်ခြင်းတို့ဖြင့် ပြည်ထောင်စုအဆင့်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တို့တွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို မျှဝေကျင့်သုံးနိုင်မည့် အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုး နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းသည်နှင့်အမျှ ရွေးကောက်ပွဲယဉ်ကျေးမှုမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက်သာမက ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက်ပါ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကောင်းမြတ်သောအကျိုးသက်ရောက်မှုများ ရရှိလာလိမ့်မည်ဟု ပြည်သူတစ်ဦးအနေဖြင့် မျှော်လင့်ပါသည်။

ကမ္ဘာ့ဒီမိုကရေစီ ဝါရင့်နိုင်ငံကြီးများမှာပင် ရွေးကောက်ပွဲတွင်အနိုင်ရ၍ မည်သည့်ပါတီကနိုင်ငံကိုအုပ်ချုပ်ရသည်ဖြစ်စေ၊ အစိုးရကို ထိန်းကျောင်းပေးရသည့် အတိုက်အခံပါတီပင်ဖြစ်စေ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ တစိုက်မတ်မတ်ဦးတည်ဆောင်ရွက်ကြသည့် နိုင်ငံရေးယဉ်ကျေးမှုအလေ့အထမျိုးကိုသာ ခံယူကျင့်သုံးကြလေသည်။ မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းဆဲနိုင်ငံအနေဖြင့် နိုင်ငံတကာအမြင်ကျယ်ကျယ်၊ အမျိုးသားနိုင်ငံရေး ဆင်ခြင်ဉာဏ်တို့ဖြင့် အတိတ်ကိုသင်ခန်းစာယူ၊ ပစ္စုပ္ပန်ကိုမှန်ကန်စွာတည်ဆောက်ပြီး အနာဂတ်ကို တက်လှမ်းနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ပါတီစုံခေတ်တွင် ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရဖွဲ့နိုင်သည်ဖြစ်စေ၊ အစိုးရမဖွဲ့နိုင်သည်ဖြစ်စေ အမျိုးသားအကျိုးစီးပွားကိုဦးတည်သည့်ပါတီများ ခိုင်မာအားကောင်းရန် လိုအပ်ပြီး ပြည်သူနှင့်တစ်သားတည်းရှိနေရန်လည်း လိုအပ်သည်။ ရွေးကောက်ပွဲနီးလျှင်ပေါ်လာပြီး ရွေးကောက်ပွဲပြီးလျှင် ပျောက်ကွယ်သွားမည်ဆိုပါက ပြည်သူနှင့်ဝေးသည်ထက် ဝေးသွားပေလိမ့်မည်။ လူထုကလည်း ရွေးကောက်ပွဲတွင် ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် မှန်မှန်ကန်ကန်ရွေးချယ်နိုင်ရန် လိုသည်။

သို့ဖြစ်ပါ၍ လာမည့်အနာဂတ်တွင် ရွေးကောက်ပွဲအနိုင်ရ၍ အစိုးရဖွဲ့နိုင်မည်ဆိုလျှင်လည်း အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့်ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုတို့ဖြင့် ပြည့်စုံနိုင်ကြစေရန်၊ ဒီမိုကရေစီသဘောအရ အတိုက်အခံပါတီအဖြစ် အစိုးရကို ထိန်းကျောင်းပေးကြရာတွင်လည်း ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုနိုင်ကြစေရန်အလို့ငှာ ပါတီစုံခေတ်တွင် ပြည်သူကိုကိုယ်စားပြုရမည့် ပါတီများခိုင်မာအားကောင်းရေးအတွက် မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ဆန္ဒပြုလျက် ဖော်ညွှန်းတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

**တပ်မတော်သမိုင်း (စတုတ္ထတွဲ) မှ (အဋ္ဌမတွဲ) အထိ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတ်တမ်းများ**

**မြန်မာနိုင်ငံရေးပါတီများ (၂၀၂၂)**

**မြန်မာ့အလင်းသတင်းစာ (၂၄-၁-၂၀၂၃)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၀၄၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၆၁,၂၀၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၃၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ တစ်ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ အသိပေးတိုက်တွန်းချက်အား ထုတ်ပြန်ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေအပေါ် မူတည်၍ ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့် ပြည်သူလူထုမှ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ သိသိသာသာ ကျဆင်းလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ လိုက်နာကျင့်သုံးဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အောက်ဖော်ပြပါ အခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်းအား တပ်ဆင်သင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်/လေထွက် မကောင်းသော နေရာများတွင် ရှိနေချိန် (လူတစ်ဦးနှင့်တစ်ဦး (၃)ပေခြား၍ နေထိုင်ရန် မဖြစ်နိုင်သော အခြေအနေ)၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့်ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

(ဂ) ဆေးရုံ/ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ခြင်း၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသူများ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါရှိသူများ၊ ကိုယ်ခံအားနည်းသူများ၊ အဝလွန်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ၊ အထွေထွေကျန်းမာရေးမကောင်းသူများ)၊

(င) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများရှိသူ။

**ကျန်းမာရေးဝန်ကြီးဌာန**

## မှော်ဘီမြို့နယ်၌ စူဠဘွဲ့နှင်းသဘင် စာအောင်ဆုပေးပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ အစိုးရ ဓမ္မာစရိယ၊ နိကာယ်၊ ပထမပြန်နှင့် အဘိဓမ္မာ ဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှုစာမေးပွဲများကို ဖြေဆိုအောင်မြင်ကြသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင် ဆရာကြီး ဆရာလေးများ၊ လူပုဂ္ဂိုလ်အပေါင်းတို့အား ဂုဏ်ပြုဆုနှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့ရှိ ဓမ္မာရုံကျောင်းတိုက်၌ ကျင်းပသည်။



ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ကာ မင်္ဂလာဒုံမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး မှော်ဘီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က သာသနာရေးဆိုင်ရာ လျှောက်ထားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ သာသနဓဇ ဓမ္မာစရိယ ဘွဲ့ရကိုးပါး၊ ဝိနယဝိဒူ ဘွဲ့ရ ၄၄ပါး၊ ဒီဃနိကာယဝိဒူ ဘွဲ့ရသုံးပါး၊ အင်္ဂုတ္တရနိကာယ ဝိဒူဘွဲ့ရလေးပါး၊ အဘိဓမ္မာနှင့် သုဒ္ဓိမဂ်အောင် ၆၅ ပါး၊ ပထမကြီးတန်းအောင် ၁၆ ပါး၊ ပထမလတ်တန်းအောင် ၅၉ပါး၊ ပထမငယ်တန်းအောင် ၆၃ ပါး၊ အခြေပြုမူလတန်းအောင် ၁၃၁ ပါး သီလရှင်များအပြင် လူပုဂ္ဂိုလ်ဆိုင်ရာ အဘိဓမ္မာ စာမေးပွဲပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် အောင်မြင်သူများ၊ အဘိဓမ္မာရိုးရိုး၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်အောင်မြင်သူများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေဌာနအလိုက် အောင်မြင်သူများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ဆက်ကပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့များက ဒေသခံပြည်သူ ၁၈၆ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**



# တစ်တော့ အက်ပလီကေးရှင်း (Tik Tok) က အသက် ၁၈ နှစ်အောက်သုံးစွဲသူများအတွက် နေ့စဉ်သုံးစွဲမှုကြာမြင့်ချိန်ကို ကန့်သတ်သွားမည်

ပေကျင်း မတ် ၂

တရုတ်နိုင်ငံ၏ လူမှုမီဒီယာတစ်ခုဖြစ်သည့် တစ်တော့ (Tik Tok) က အသက် ၁၈ နှစ်အောက် သုံးစွဲသူများအတွက် နေ့စဉ်အသုံးပြုချိန်ကို မိနစ် ၆၀ အထိသာ ကန့်သတ်သွားမည်ဖြစ်ကြောင်း အဆိုပါ လူမှုမီဒီယာတစ်တော့က ပြောကြားသည်။




နေ့စဉ် သုံးစွဲမှုကန့်သတ်ချိန် သတ်မှတ်မှုကို လာမည့်ရက်သတ္တပတ်အတွင်း စတင်မည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုအသစ်များကိုလည်း သုံးစွဲသူများအား မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း ၎င်း၏ဝက်ဘ်ဆိုက်တွင် ကြေညာထားကြောင်း သိရသည်။

**သုံးစွဲမှု အလိုအလျောက်ရပ်တန့်**

အသက် ၁၈ နှစ်အောက် သုံးစွဲသူများသည်တစ်တော့အက်ပလီကေးရှင်းကို မိနစ် ၆၀ အထိ သုံးစွဲချိန်ကြာမြင့်ပါက သုံးစွဲမှု အလိုအလျောက်ရပ်တန့်သွားမည်ဖြစ်ပြီး ၎င်းတို့၏ အကောင့်ပြန်ဝင်မှသာ ပြန်လည်သုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် အုပ်ထိန်းသူမိဘများက ၎င်းတို့သားသမီးများ၏ တစ်တော့အက်ပလီကေးရှင်း နေ့စဉ်သုံးစွဲမှု အချိန်ပမာဏကို ၎င်းတို့ကြိုက်နှစ်သက်သည့် အချိန်ကြာမြင့်မှုအထိ ထားရှိနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်သည်။

တစ်တော့အက်ပလီကေးရှင်းကို ၎င်းတို့၏ ကလေးများ သုံးစွဲသည့် ကြာမြင့်ချိန်နှင့် ၎င်းတို့၏ အကောင့်ကို ဘယ်နှကြိမ် ပြန်လည်ဝင်ရောက်သလဲစသည့် အချက်အလက်များကိုလည်း မိဘအုပ်ထိန်းသူများက စစ်ဆေးနိုင်မည်ဖြစ်သည်။

တစ်တော့ အက်ပလီကေးရှင်း၏ အမှုဆောင်အရာရှိချုပ် ရှောင်ဇီချူးက လူငယ်များ တစ်တော့အက်ပလီကေးရှင်း သုံးစွဲမှု၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး မိဘအုပ်ထိန်းသူများ၏ စိုးရိမ်မှုများ လျော့ပါးစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမေရိကန်နိုင်ငံအတွင်း တစ်တော့အက်ပလီကေးရှင်းအသုံးပြုမှုကို တားမြစ်ရန် သမ္မတ ဂျိုးဘိုင်ဒင်က ခွင့်ပြုခဲ့သည့် ဥပဒေကြမ်းတစ်ရပ်ကို အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီက ယမန်နေ့တွင် အတည်ပြုခဲ့သည်။

အလားတူ ကနေဒါဘဏ္ဍာရေးဘုတ်အဖွဲ့က ကနေဒါနိုင်ငံထုတ် မိုဘိုင်းဖုန်းများတွင် တစ်တော့အက်ပလီကေးရှင်း ထည့်သွင်းထားရှိမှုကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ကြေညာခဲ့သည်။

ဥရောပပါလီမန်က ဥရောပနိုင်ငံများအတွင်း မှတ်ပုံတင်ထားသည့် မိုဘိုင်းဖုန်းများတွင် တစ်တော့အက်ပလီကေးရှင်း သုံးစွဲမှုကို တားမြစ်ထားကြောင်း သိရသည်။

အဆိုပါတားမြစ်မှုသည် မတ် ၂၀ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ မေလမှစပြီး ကိုဗစ်-၁၉ ရောဂါ၏ တရားဝင်အမျိုးအစား ခွဲခြားသတ်မှတ်မှုကို အဆင့်နှိမ့်ချသွားမည်

တိုကျို မတ် ၂

ဂျပန်နိုင်ငံ၌ မေလမှစပြီး ကိုဗစ်-၁၉ ရောဂါ၏ တရားဝင်အမျိုးအစားခွဲခြားသတ်မှတ်မှုကို အဆင့်နှိမ့်ချသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ အခမဲ့စစ်ဆေးခြင်းနှင့် ဆေးဝါးကုသမှုပေးခြင်းတို့ကိုလည်း ရပ်တန့်သွားမည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်အစိုးရက မေ ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါကို ရာသီတုပ်ကွေးကဲ့သို့ အနိမ့်ဆုံးအဆင့် (၅) အဆင့်အထိ နှိမ့်ချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကို ဒုတိယအပြင်းထန်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားသည်။

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူများအား အခမဲ့ကုသရေးစနစ်ကို ပြန်လည်သုံးသပ်လျက်ရှိသည်။

မေလတွင် ယင်းရောဂါကို အဆင့်နှိမ့်ချပြီးနောက် ဘိုးဘွားရိပ်သာ ဝန်ထမ်းများအတွက် ဆေးကုသမှုကုန်ကျစရိတ်များကို နည်းပါးမှုရှိစေရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆေးဝါးများ၏ ကုန်ကျစရိတ်အတွက် ပြည်သူ့ဘဏ္ဍာငွေများကို ဆက်လက်အသုံးပြုသွားမည်ဖြစ်သည်။

ထို့ပြင် ဘိုးဘွားရိပ်သာဝန်ထမ်းများ၏ ဆေးဝါးကုသမှုစရိတ်အတွက် တစ်လလျှင် ယန်း ၂၀၀၀၀ သို့မဟုတ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၅၀ အထိ ထောက်ပံ့ပေးမည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို စက်တင်ဘာလကုန်အထိ ပေးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်းစီမံချက်အပေါ် သက်တမ်းတိုးခြင်းရှိ၊ မရှိ ဆုံးဖြတ်ချက်သည် ထိုအချိန်တွင် ရောဂါကူးစက်မှုအခြေအနေအပေါ် မူတည်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# တရုတ်နိုင်ငံမှ ခရီးသည်များဆွဲဆောင်နိုင်ရေး ထိုင်းနိုင်ငံ ပြင်ဆင်

ဗန်ကောက် မတ် ၂

ထိုင်းအစိုးရက တရုတ်ခရီးသည် အများအပြား လာရောက်လည်ပတ်ရေးစီစဉ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တရုတ်နိုင်ငံမှ ခရီးသည်များ လာရောက်လည်ပတ်ခြင်းကြောင့် ပြန်လည်ဦးမော့လာကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ဇန်နဝါရီလအတွင်း ခရီးသည် ၉၁၈၄၁ ဦး ဝင်ရောက်လာခဲ့ပြီး ၎င်းပမာဏသည် ယမန်နှစ် အလားတူကာလကထက် သိသာထင်ရှားစွာ မြင့်တက်လာကြောင်း ထိုင်းနိုင်ငံ ခရီးသွားနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ယခုကဲ့သို့ တရုတ်ခရီးသည် အများအပြား ရောက်ရှိလာခြင်းသည် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် တိုးတက်သည့်အခြေအနေကို ရောက်ရှိစေသည်။

ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အတွင်း တရုတ်ခရီးသည် ၁၆၁၅၄၀ လာရောက်ခဲ့သောကြောင့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် ယခုနှစ် ပထမသုံးလအတွင်း နိုင်ငံတကာခရီးသည် ၃၀၀၀၀၀ လာရောက်လည်ပတ်ရမည်ဆိုသည့် ရည်မှန်းချက်ပြည့်မီရေးအတွက် အထောက်အကူဖြစ်စေကြောင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

တရုတ်ခရီးသည်များ အဆင်ပြေစေရေးအတွက် တရုတ်လူမျိုးဝန်ထမ်းများကို ငှားရမ်းခန့်ထားခြင်းနှင့် တရုတ်အစားအစာများ စားသောက်နိုင်ရန် ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ Saii Resorts cluster မှ ဟိုတယ်မန်နေဂျာ ဘာဒ့်ကာလန်းက ပြောသည်။ ထိုင်းနိုင်ငံသည် ယခုနှစ်အတွင်း တရုတ်ခရီးသည် ခုနစ်သန်းမှ ၁၀ သန်းအထိ နိုင်ငံအတွင်း လာရောက်လည်ပတ်ရန် ဆွဲဆောင်သွားမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အာဖဂန်နစ္စတန်အစိုးရက တရုတ်နိုင်ငံမှ လှူဒါန်းသည့် အကူအညီများကို ဆင်းရဲနွမ်းပါးသော မိသားစုများထံ ဖြန့်ဝေပေး

ကဘူးလ် မတ် ၂

အာဖဂန်နစ္စတန်အစိုးရက တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အနောက်ပိုင်း ဟီရတ်ပြည်နယ်ရှိ ဆင်းရဲနွမ်းပါးသော မိသားစု ၄၀၀ သို့ ဖြန့်ဝေပေးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုရေးရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး Mawlawi Inayatullah Saber က ယနေ့ ပြောကြားသည်။

မိသားစုတစ်စုလျှင် ဆန် ၅၀ ကီလိုဂရမ် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခြင်းအတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်းနှင့် လက်ရှိအချိန်တွင် အာဖဂန်ပြည်သူများသည် စားရေရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့်အတွက် တရုတ်နိုင်ငံ၏ အကူအညီများသည် ပြည်သူများ၏ စားရေရိက္ခာအခက်အခဲကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ဟာရတ်မြို့နေ ပြည်သူတစ်ဦးဖြစ်သည့် အဗ္ဗဒူရာမန်က ဆိုသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များကလည်း တရုတ်နိုင်ငံမှ လှူဒါန်းသောထောက်ပံ့ရေးပစ္စည်းများကို ဟီရတ်ပြည်နယ်ရှိ မိသားစုပေါင်း ၅၅၀ ခန့်ကို ဖြန့်ဝေပေးခဲ့သည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ၊ ဆောင်းရာသီသုံးအဝတ်အစားများ၊ ရွက်ဖျင်တဲများနှင့် စားသောက်ဖွယ်ရာများကို နိုင်ငံတွင်းရှိ ဆင်းရဲနွမ်းပါးသည့် ရေဘေးသင့်မိသားစုများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယသမုဒ္ဒရာအတွင်း၌ အင်ဒိုနီးရှား ငါးဖမ်းလှေတစ်စင်း တိမ်းမှောက်

ဂျကာတာ မတ် ၂

အိန္ဒိယသမုဒ္ဒရာအတွင်း၌ အင်ဒိုနီးရှားငါးဖမ်းလှေတစ်စင်း ဖေဖော်ဝါရီ ၂၈ ရက်က တိမ်းမှောက်ခဲ့ရာ လက်ရှိအချိန်အထိ တစ်ဦးသေဆုံးပြီး ကိုးဦး ပျောက်ဆုံးလျက်ရှိကြောင်း ဘာလီပြည်နယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာတာဝန်ရှိသူ ဂျီဒီဒါမာဒါက ပြောကြားသည်။ ယင်းသင်္ဘောသည် လှိုင်းများရိုက်ခတ်မှုကြောင့် နစ်မြုပ်သွားခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်ကို အခြားသင်္ဘောတစ်စင်းက တွေ့ရှိပြီး ရှာဖွေကယ်ဆယ်ရေးဝန်ထမ်းများထံ သတင်းပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ သတင်းပေးပို့ချက်ရရှိခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ ရာသီဥတုဆိုးရွားမှုကြောင့် နှောင့်နှေးမှုများရှိသော်လည်း လေးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တရားမဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ လားရှိုးမြို့ Oriental High Way Tollgate မှ ၇ မိုင် ၄ ဖာလုံခန့်နေရာ မြို့ရှောင်လမ်းမပေါ်၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Hand Bag အိတ် ၃၀ အပါအဝင် ကုန်ပစ္စည်း ၁၆ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso Express အမျိုးအစား မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း။

ဖေဖော်ဝါရီ ၂၈ ရက်တွင် မူဆယ်မြို့ ကောင်းမှုတံရပ်ကွက် စက်မှုနယ်မြေ စက်မှုလမ်းတွင် ရပ်တန့်ထားသော မော်တော်ယာဉ် နှစ်စီးနှင့် ဂိုဒေါင်တစ်လုံးအား ဌာနဆိုင်ရာပူးပေါင်း အဖွဲ့စုံဖြင့် ဝင်ရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ် ၃၁ စီး၊ မော်တော်ဆိုင်ကယ် Frame များနှင့် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၁၃၀၀၀၀)နှင့် Toyota Wish အမျိုးအစား မော်တော်ယာဉ် နှစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)ကို လည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော မော်တော်ယာဉ်များအား မူဆယ်ခရိုင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က ရှောင်တခင် သွားရောက်စစ်ဆေးခဲ့စဉ် ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော အကောက်ခွန်မဲ့ HANDLE STEERING BAR MCSP ၁၅ ခု အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး(ခန့်မှန်းတန်ဖိုးငွေ ၁၄၉၂၂၈၄၅ ကျပ်) ကို လည်းကောင်း၊ ကျိုင်းတုံမြို့အဝင် Toll-Gate အနီး၌ ကျိုင်းတုံမြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အချိုမှုန့် ကီလိုဂရမ် ၂၀၀၊ သွားတိုက်ဆေး ကီလိုဂရမ် ၁၈၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၅၀၀၀ ကျပ်) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၉၇၉၅၇၈၄၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန် အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ကုန်စည်များအတွင်းမှ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ထက် ပိုမိုတင်သွင်းလာသော RUTF Peanut Paste ၁၅၅၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေ ၉၇၂၃၉၀၃ ကျပ် )ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Castable Cement ၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀)နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် KingFlower Creamer ၂၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၉၈၉၀၃ ကျပ်ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယောကျ်ားစီးဖိနပ် ၂၅၀ ရန်၊ Lady Long Pant ၈၀၀ ထည် အပါအဝင်ကုန်ပစ္စည်း လေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော YUTONG Express တစ်စီးနှင့် SUNLONG Express တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၁၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ စစ်ဆေးရေးအဖွဲ့က မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ဟသ်ာရပ်တုအဝိုင်းအနီး၌ ယာဉ်တစ်စီးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ ပေါင်းသား/ကြိတ်သား(အံဆွဲဗီရို) အဟောင်း တစ်လုံးအပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Mitsubishi Canter အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်တွေမြို့နယ် ကုလားတန်မြစ်ရေလယ်တွင် ရပ်တန့်ထားသော ရေယာဉ် တစ်စင်းပေါ်မှ သိမ်းဆည်းရမိမှု

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)နှင့် သွင်းကုန်လိုင်စင်(IL)တို့တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော Lucky Air-Cooler ၂၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ အပါအဝင် ဆတ်ရိုးကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေမြို့နယ် ကျေးပင်ကြီးရပ်ကွက် ရန်ပြေမာန်ပြေဘုရားရှေ့၊ ကုလားတန်မြစ် ရေလယ်တွင်ရပ်တန့်ထားသော ရေယာဉ် တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံထွက် အာလူးကီလိုဂရမ် ၃၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော တန်ချိန်(၄၇ ဒသမ ၀၃)တန်ရှိ သစ်သားရေယာဉ် တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၄ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု(ခန့်မှန်းတန်ဖိုးငွေ ၃၉၇၁၂၂၇၄၈ ကျပ်)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ရေဖြူမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရေဖြူမြို့နယ် လေ့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာရှိ မလွဲတောင်ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် လှိုင်မင်းဦး မောင်းနှင်ပြီး ခင်ထွန်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ ကိုလည်းကောင်း၊ ထို့အတူ မတ် ၁ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေး စခန်းတွင် AD VAN အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် ဇော်မိုင်ထံမှ ဘိန်းဖြူ ၁ ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီခွဲတွင် မိုးကုတ်မြို့ အထက်လယ်ဦး ရပ်ကွက်ရှိ မဇုန်းဆောင်၏ နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၃-၂၀၂၃ သောကြာနေ့

### MRTV HD

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ) (ဒုတိယပိုင်း)
၀၉:၃၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားသတင်းများ
၁၁:၀၀ ကလောင်စွမ်းဖြင့် ဉာဏ်အလင်းတံခါးဖွင့်ပေးကြသူများ
၁၁:၃၀ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကောင်းစာများ(ဇီဝဗေဒဘာသာရပ်)
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ဒါးဒါးအချစ်ချိုချို" (အပိုင်း-၄၉)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ယုံကြည်ရာလမ်း" (အပိုင်း-၁၂)
၁၅:၀၀ လူငယ်ရေးရာအစီအစဉ်
၁၅:၃၅ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုဘာသာရပ်ဆိုင်ရာ သင်ကောင်းစာများ(ဘောဂဗေဒဘာသာရပ်)
၁၆:၃၅ "မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ"
၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ) (တတိယပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာ...သိရိဂေဟာ
၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ဒါးဒါးအချစ်ချိုချို" (အပိုင်း-၅၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် "ပြည်ချစ်သားမွန် တေးသဝဏ်" တေးဂီတ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၂)
၂၂:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "ကြယ်နှင့်အတူ" (အပိုင်း-၂)

### mitv

07:01 Mingalar Su Taung (Kyawt Kay Khaing)
07:08 Gemstone Sculptor
07:21 Serene and Happy Rural Life in Myanmar
07:32 Safari World
07:43 Shwe U Min Natural Cave In Kalaw
08:01 News
08:27 Popa Trip
08:37 Nga Laik Sakhanthar Elephant Camp
09:01 Listening Pleasure, Instrumental Music (Don Min) Mya Nanda
09:14 A Happy Visit to Zoological Garden (Nay Pyi Taw)
09:25 Chef Life: Myo Min Soe Oo
09:35 Myanmar Paper Toys
10:01 News
10:26 Topical Topics (No. 40) Seek Changes to Overcome Difficulties And Challenges in Life
10:52 Myanmar Traditional Snacks: Mounhsi Gyaw
11:02 Tigers, Lions and the Guardians

### MRTV NRC

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နှိုင်းယှဉ်ဆုံးမစကား(စကားပုံများ)

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ချစ်စရာ မွန်ရိုးရာအိမ်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ထိမ်းသိမ်းစို့လေ ရိုးရာအမွေ(ရထားဆွဲပွဲ) (အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
စံကားမြို့ဟောင်းနှင့် ဖယ်ခုံအင်းအလှ

**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
ရှေ့သိနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၅)

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ကချင်ခေါက်ဆွဲ(စဝီ) ပြုလုပ်ပုံ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
မြင်တွေ့စေချင် ကယားတို့ရဲ့ဌာနေ (ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
အိမ်သန့်ရှင်းရေးအတွက် လိုအပ်သောတံမြက်စည်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့လက်ဆောင် အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပန်းလိုမွှေး၍ စွမ်းသည့်ဆေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၄၅ ရသစုံစွာကျွဲမြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၅ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "သူတစ်ပါးအငယာင်ဆောင်ခြင်း"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ "အတွေးအမြင်" (အပိုင်း-၇)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၀ သမားရိုးကျမှသည် ဆန်းသစ်မှုဆီသို့
၀၇:၁၀ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
၀၇:၃၅ စီးပွားဖြစ်နိုင်တစ်ပိုင်တစ်နိုင် ဒေသကြက်နှင့် ဘဲမွေးကြအပိုင်
၀၈:၂၀ မြေပဲစိုက်ပျိုးဝင်ငွေတိုး
၀၈:၅၅ သာစည်မြို့နယ် ပယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်း
၀၈:၂၀ ဝါစိုက်တောင်သူများ၏အကျိုးစီးပွား အတွက် သာစည်မြို့နယ်မှအထူးဇုန် စံပြစိုက်ကွက်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားး မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သာရဖုံကျေးရွာနေ ကျော်လတ်သည် ၎င်းအသုံးပြုသည့် “Kyaw Latt” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်ငင်းကုန်းရပ်ကွက်နေ စိုးမြတ်သူ(ခ)ဇာနည် နှင့် ကမ်းနားရပ်ကွက်နေ စောရှိမင်းကို(ခ)နေမင်းကိုတို့သည် ၎င်းတို့အသုံးပြုသည့် “Zarni” Facebook အကောင့်နှင့် “Nay Min Ko” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

နေပြည်တော် မတ် ၂

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Online မှတစ်ဆင့် လိမ်လည်မှုကျူးလွန်ခြင်း၊ လောင်းကစားခြင်းကို ဗန်းပြ၍ ငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ Online အသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင်ချေးငွေလုပ်ငန်း လုပ်ကိုင်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application၊ Cash Now Application၊ Cola Kyat Application နှင့် U Loan Application တို့အား အသုံးပြုပြီး တရားမဝင် ချေးငွေလုပ်ငန်းလုပ်ကိုင်နေကြသည့် ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ကတ်လျှင် တစ်သောင်းကျပ်ဖြင့် ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင်ချေးငွေလုပ်ငန်းများတွင် အသုံးပြုရန် Bank Account များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်းတွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ငှားရမ်းသူများအနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်သည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းများတွင် ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရစိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



## ပန်းတောင်းမြို့နယ်၌ နေကြာ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ပန်းတောင်း မတ် ၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာ၌ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီမှ ဆီထွက်သီးနှံ(နေကြာ)စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

သရက်လိန်ကျေးရွာ တောင်သူ ဦးပိုက်တင်လယ်၌ ဆင်းရွှေနေကြာ(၂) သုံးဧကရိတ်သိမ်းခဲ့ရာ အဆိုပါ ဆီထွက်သီးနှံ(နေကြာ) စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအေးကြိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**

## မဲဇလီကုန်းမြို့၌ လျှပ်စစ်ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

အင်္ဂပူ မတ် ၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ ဗို့အားပြည့်မီစွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် ယမန်နေ့က ကွင်းဆင်းဆောင်ရွက် ခဲ့သည်။



လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့လျှပ်စစ်မှူးရုံး မဲဇလီကုန်းမြို့မှ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများက ထရန်စဖော်မာများစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာများ စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အန္တရာယ်သတိပေးခြင်း လမ်းညွှန်များ



ပုံ ၁
ရှေ့တွင် လက်ဝဲလမ်းကွေ့ရှိသည်



ပုံ ၂
ရှေ့တွင် လက်ယာလမ်းကွေ့ရှိသည်



ပုံ ၃
ရှေ့တွင် လက်ဝဲနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်



ပုံ ၄
ရှေ့တွင် လက်ယာနှစ်ဆစ်ချိုးလမ်းကွေ့ရှိသည်



ပုံ ၅
ရှေ့လက်ဝဲဘက်လမ်းကွေ့တွင် လမ်းဆုံများရှိသည်



ပုံ ၆
ရှေ့လက်ယာဘက်လမ်းကွေ့တွင် လမ်းဆုံများရှိသည်



ပုံ ၇
ရှေ့တွင် လမ်းမကြီးလက်ဝဲဘက်မှ ပေါင်းဝင်လာသည့် လမ်းကွေ့လမ်းသွယ်ရှိသည်



ပုံ ၈
ရှေ့တွင် လမ်းမကြီးလက်ယာဘက်မှ ပေါင်းဝင်လာသည့် လမ်းကွေ့လမ်းသွယ်ရှိသည်

## လင်းခေးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

လင်းခေး မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အား



ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးပြည့်ဖြိုးဇော် ဦးဆောင်သော ဝန်ထမ်းများက လင်းခေးမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့လိုင်းနှင့် နီးကပ်လျက်ရှိသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဓာတ်အားတည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေးအတွက် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ထိုင်းနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် OTOP ဆက်နွယ်မှုနှင့် မြန်မာနိုင်ငံ၏ OVOP နှင့် MSME ဖွံ့ဖြိုးတိုးတက်မှု

ခန့်ဇော် (ကျေးလက်)


ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအနက် စီးပွားရေးတိုးတက်မှု မြင့်မားလာသောနိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် စိုက်ပျိုးရေးသည် GDP ၏ ၁၂ ရာခိုင်နှုန်းခန့်၊ စက်မှုလုပ်ငန်းသည် ၄၄ ရာခိုင်နှုန်းခန့်နှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ၄၄ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် သံရိုင်း၊ ရော်ဘာ၊ သဘာဝဓာတ်ငွေ့၊ တန်စတင်၊ သစ်၊ ခဲနှင့် ငါးတို့ အများဆုံးထွက်ရှိပြီး မြေဧရိယာ၏ ၃၁ ရာခိုင်နှုန်းကို စိုက်ပျိုးရေးအတွက် အသုံးပြုသည်။ ခရီးသွားလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ စိုက်ပျိုးရေးကုန်စည်များ ထုတ်လုပ်မှု၊ ဘိလပ်မြေ၊ ရတနာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကားအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းတို့ကို အဓိကလုပ်ကိုင်လျက်ရှိပြီး လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာပစ္စည်းများ၊ ယာဉ်နှင့် အစိတ်အပိုင်းများ၊ အထည်၊ ဖိနပ်၊ ရေထွက်ပစ္စည်းများ၊ ဆန်နှင့် ရော်ဘာတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ထိုင်းနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှု ၅၈ ရာခိုင်နှုန်းမှ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပြီး တိုးတက်မှုနှုန်းမြင့်မားမှုနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် သိသိသာသာတိုးတက်မှုရရှိလာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ၁၉၉၇-၁၉၉၈ ခုနှစ်များတွင် ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရပြီး ထိုကာလနောက်ပိုင်းမှစ၍ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

### ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကြိုးပမ်းမှုများ

လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုအတွင်း ထိုင်းနိုင်ငံသည် ဝင်ငွေနည်းသောနိုင်ငံမှ မျိုးဆက်တစ်ဆက်အောက်၌ SMART ကျသည့် စီးပွားရေးမူဝါဒများကြောင့် အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံအဖြစ် ရွေ့လျားခဲ့ကာ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ထူးထူးခြားခြားတိုးတက်ခဲ့ပြီး ထိုင်းနိုင်ငံ၏စဉ်ဆက်မပြတ်အားကောင်းသောတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အတွက် အောင်မြင်မှုပုံရိပ်တစ်ခုဖြစ်သည်။

စင်စစ်မှု ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအစီအစဉ်များတွင် ဆင်းရဲမှုလျှော့ချရေးမဟာဗျူဟာများ ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၁၉၆၁ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် စက်မှုထွန်းကားရေးကို အဓိကထားဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဘဏ္ဍာရေးမူဝါဒကို အထူးဂရုပြု အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍ၊ ကျေးလက်ဝင်ငွေရရှိမှုမြှင့်တင်ရေးနှင့် လူဦးရေစီမံကိန်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း၌မူ စက်မှုဖွံ့ဖြိုးရေးကို ပြန်လည်ထူထောင်၍ သယံဇာတသုံးစွဲမှုနှင့် မြေယာပြုပြင်ပြောင်းလဲမှုစီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ပြီး ဆင်းရဲမှုလျှော့ချရေးမူဝါဒကို သီးသန့်ချမှတ်၍ ဆင်းရဲချမ်းသာဝင်ငွေကွာဟမှုနည်းပါးစေရန် နည်းလမ်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။




ထိုင်းနိုင်ငံမှ OTOP ထုတ်ကုန်များရောင်းချသည့် OTOP ဆိုင်ကြီးတစ်ဆိုင်။

> ထိုင်းနိုင်ငံOTOP စီမံကိန်း၏ အဓိကထုတ်ကုန်များတွင် ဒေသထွက်ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်း၊ ချည်ထည်ပိုးထည်များ၊ အိုးလုပ်ငန်း၊ ဖက်ရှင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများအထိပါဝင်သည်။ အစိုးရက ဦးဆောင်၍ ထုတ်ကုန်ရွေးချယ်ခြင်း၊ စံနှုန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းနှင့် ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ထုတ်ကုန်အမျိုးအစားစုံလင်စွာဖြင့် ပြည်တွင်းသာမက ပြည်ပပို့ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ OTOP များ၏ ထုတ်ကုန်ရောင်းချမှုတန်ဖိုးမှာ ၂၀၁၃ ခုနှစ်တွင် ထိုင်းဘတ် ၈၆ ဘီလီယံ(အမေရိကန် ဒေါ်လာ ၂ ဒသမ ၆၇၈၅ ဘီလီယံခန့်) အထိ ရောက်ရှိခဲ့သည်။ ထိုသို့ ဝင်ငွေများတိုးမြှင့်ရှာဖွေပေးနိုင်သည့်အပြင် ရွာပေါင်း ၂၂၇၆၂ ရွာရှိ OTOP လုပ်ငန်းပေါင်း ၃၆၂၃၆ ခုတွင် လုပ်သားပေါင်း ၁ ဒသမ ၂ သန်းကို အလုပ်အကိုင်ပေးနိုင်ခဲ့၍ လူမှုဘဝကိုလည်း မြှင့်တင်ပေးနိုင်ခဲ့

၁၉၈၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ပဉ္စမမြောက်လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ခရိုင်အဆင့်ဆင်းရဲမှုလျှော့ချရေးကို ဖော်ဆောင်ခဲ့ပြီး ခရိုင်ပေါင်း ၂၈၆ ခုတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးရေး၊ စက်မှု၊ ပုဂ္ဂလိကပါဝင်မှုတို့ကိုလည်း အရှိန်အဟုန်မြှင့်တင်ခဲ့သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နောက်ကျကျန်ခဲ့သောဒေသများ ဆင်းရဲမှုလျှော့ချရေးတို့ကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အစိုးရကဏ္ဍနှင့် ဥပဒေရေးရာပြုပြင်ပြောင်းလဲရေး၊ စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသများ၏ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်ရေးတို့ကိုလည်းကောင်း ဦးစားပေး ဆောင်ရွက်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်တွင် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုတို့ကို ဦးတည်၍ ဝင်ငွေကွာဟချက် လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

### ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (OneTambon One Product-OTOP)

မှတ်တမ်းများအရ ၂၀၀၁ ခုနှစ်မှစ၍ ကျေးလက်ဒေသပြန်လည်ထူထောင်ရေးကို မူဝါဒများချမှတ်အကောင်အထည်ဖော်ခဲ့ရာ “ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး” (One Tambon One Product-OTOP) သည် နိုင်ငံအနှံ့ ဆောင်ရွက်သောလှုပ်ရှားမှုအနေဖြင့် ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

ထိုင်းနိုင်ငံ၏ OTOP စီမံကိန်းသည် ဂျပန်နိုင်ငံ၏ OVOP ကို အတုယူ၍ ထိုင်းနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုအတွက် ဒေသထွက်အင်အားစုနှင့် သယံဇာတများကိုအသုံးပြုပြီး ဆွဲဆောင်မှုရှိသော အထူးထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထုတ်လုပ်သောကုန်စည်များတွင် စိုက်ပျိုးရေးနှင့် လက်မှုထွက်ကုန်ပစ္စည်းများ ပါဝင်သည်။

### OTOP စီမံကိန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လှုပ်ရှားမှုများ

OTOP သည်လည်း OVOP ကဲ့သို့ပင် ဒေသတွင်းချိတ်ဆက်၍ ကမ္ဘာ့အဆင့်သို့ ဦးတည်ရေး၊ ကိုယ့်အားကိုယ်ကိုး၍ တီထွင်ဖန်တီးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး စသည့်အချက် (၃)ချက်အပေါ် အခြေခံ၍ အစိုးရက ပံ့ပိုးပေးခြင်းဖြစ်သည်။ OTOP ၏ ထူးခြားချက် သို့မဟုတ် OVOP နှင့် ကွဲပြားသောအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အခြေအနေအရ ဗဟိုအစိုးရက ပံ့ပိုးပေးရခြင်းဖြစ်သည်။ ဝန်ကြီးချုပ်က ဦးဆောင်၍ OTOP လှုပ်ရှားမှုကို ဗဟိုမှ အဓိကချုပ်ကိုင်ပြီး ပြည်နယ်နှင့် ခရိုင်များရှိ အစိုးရများသို့ အဆင့်ဆင့်ညွှန်ကြားဆောင်ရွက်သည်။ OTOP စီမံကိန်းအတွက် ဒေသခံရွာသူရွာသားများကို လေ့ကျင့်သင်ကြားရာတွင် OVOP ကဲ့သို့ပင် ဒေသတွင်းသင်တန်းများကို တက်ရောက်စေပါသည်။

၂၀၀၃ ခုနှစ်မှစတင်၍ ပို့ကုန်ဈေးကွက်သို့ တင်ပို့နိုင်ရန် ဦးတည်ချက်ဖြင့် OTOP ထုတ်ကုန်များကို ကြယ်များသတ်မှတ်၍ အဆင့်ခွဲခြားခဲ့ပြီး ကြယ်ငါးပွင့်ရထုတ်ကုန်များကိုသာ ပို့ကုန်ဈေးကွက်သို့ တင်ပို့ရန် ခွင့်ပြုခဲ့သည်။ ထို့အပြင် ကြယ်သုံးပွင့်ရထုတ်ကုန်များထုတ်လုပ်နိုင်သော လုပ်ငန်းများရှိသည့် ရွာကိုသာ OTOP စီမံကိန်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ပြီး ကြယ်လေးပွင့်နှင့် ကြယ်ငါးပွင့်ရလုပ်ငန်းများရှိ ပါဝင်သူများကိုသာ နိုင်ငံတကာသင်တန်းများသို့ စေလွှတ်ခဲ့သည်။ ကျေးရွာအဆင့်၌ပင် အမြောက်အမြားထုတ်လုပ်မှုကို အားပေး၍ ကမ္ဘာ့ဈေးကွက်သို့ ချိတ်ဆက်ပေးခဲ့သည်။ OTOP လှုပ်ရှားမှု၌ ပါဝင်သူများ၏ ၆၇ ရာခိုင်နှုန်းသည် လူထုအခြေပြုလုပ်ငန်းများ၊ ၃၁ ရာခိုင်နှုန်းမှာ တစ်ဦးတည်းပိုင်လုပ်ငန်းများဖြစ်၍ ကျန် နှစ်ရာခိုင်နှုန်းမှာ အစုစပ်လုပ်ငန်းများဖြစ်သည်။ လိုအပ်သော ဘဏ္ဍာငွေအများစုကို အစိုးရက ထောက်ပံ့ပေးခဲ့သည်။

စာမျက်နှာ ၁၇ သို့

❒ စာမျက်နှာ ၁၆ မှ

ပံ့ပိုးမှုများ၌ အရည်အသွေးထိန်းချုပ်မှုနှင့် ထုပ်ပိုးမှုသင်တန်းပေးခြင်းတို့ ပါဝင်သည်။ အရောင်းမြှင့်တင်ရာတွင် ကုန်စည်ပြပွဲများပြုလုပ်ခြင်း၊ အရောင်းဆိုင်များ ဖွင့်လှစ်ပေးခြင်း၊ ပြည်ပ၌ အရောင်းပြပွဲများပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

OTOP စီမံကိန်း၏ အဓိကထုတ်ကုန်များတွင် ဒေသထွက် ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်း၊ ချည်ထည်ပိုးထည်များ၊ အိုးလုပ်ငန်း၊ ဖက်ရှင်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများအထိ ပါဝင်သည်။ အစိုးရက ဦးဆောင်၍ ထုတ်ကုန်ရွေးချယ်ခြင်း၊ စံနှုန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းနှင့် ထုတ်လုပ်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ထုတ်ကုန်အမျိုးအစားစုံလင်စွာဖြင့် ပြည်တွင်းသာမက ပြည်ပပို့ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ OTOPများ၏ ထုတ်ကုန်ရောင်းချမှုတန်ဖိုးမှာ ၂၀၁၃ ခုနှစ်တွင် ထိုင်းဘတ် ၈၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၈၅ ဘီလီယံခန့်)အထိ ရောက်ရှိခဲ့သည်။ ထိုသို့ ဝင်ငွေများ တိုးမြှင့်ရှာဖွေပေးနိုင်သည့်အပြင် ရွာပေါင်း ၂၂၇၆၂ ရွာရှိ OTOP လုပ်ငန်းပေါင်း ၃၆၂၃၆ ခုတွင် လုပ်သားပေါင်း ၁ ဒသမ ၂ သန်းကို အလုပ်အကိုင်ပေးနိုင်ခဲ့၍ လူမှုဘဝကိုလည်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို များစွာအထောက်အကူပြုနိုင်ခဲ့သည်။

OTOP အောင်မြင်ရခြင်း၏ အဓိကအချက်များမှာ အစိုးရဌာနများ၏ ထိရောက်သောမူဝါဒ၊ စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်မှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးစေရန်ပံ့ပိုးပေးမှု၊ ပါဝင်သောအဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ အစိုးရကဏ္ဍများ၊ ပုဂ္ဂလိကများ၊ ဒေသခံများနှင့် ပညာရေးအဖွဲ့အစည်းများ၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ပြီး နိုင်ငံဆင်းရဲမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်က ၄၂ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၈ ဒသမ ၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရသည်။

## မြန်မာနိုင်ငံနှင့် OTOP နှင့် MSME

မြန်မာနိုင်ငံမှာလည်း ၂၀၁၀-၂၀၁၅ ခုနှစ်ဝန်းကျင်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို မူဝါဒပိုင်းအရ အားပေးမြှင့်တင်ခဲ့ပြီး လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည့်နည်းတူ “ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး”ကဲ့သို့ ဒေသအလိုက်ထွက်ရှိသော အသေးစား၊ အလတ်စားထုတ်ကုန်များဖွံ့ဖြိုးရေးအတွက် SME လုပ်ငန်းများကို မူဝါဒပိုင်းဆိုင်ရာအားပေးမြှင့်တင်မှုများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့်ဆက်စပ်သည့် သတင်းအချက်အလက်၊ နည်းပညာ အထောက်အကူများနှင့် ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊



မြန်မာနိုင်ငံ၏ MSME ဈေးငွေများဖြင့် ရင်းနှီးမတည်လုပ်ကိုင်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့မှ အိုးလုပ်ငန်းများ။

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျော့ပါးစေရန်တို့ဖြစ်သည်။

ထို့အပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (၂၀၁၅ ခုနှစ်) ကို ချမှတ်ထုတ်ပြန်နိုင်ခဲ့သည်။ ယင်းမူဝါဒ၏ မျှော်မှန်းချက်မှာ “ကဏ္ဍအသီးသီးရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်ကောင်းများ မြင့်မားလာပြီး နိုင်ငံသားများ၏အလုပ်အကိုင်၊ အခွင့်အလမ်းများ တိုးပွားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးဆောင်သွားနိုင်ရန်” ဖြစ်သည်။ ရည်မှန်းချက်များအောင်မြင်ရန်အတွက်

(က) လူ့စွမ်းအားအရင်းအမြစ်
(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊
(ဂ) ငွေကြေးအရင်းအမြစ်၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊
(ဃ) ဈေးကွက်ရရှိရေး၊
(င) သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊
(စ) လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများကို ထောက်ပံ့၊ ဖန်တီးပေးရမည်ဖြစ်သည်။ ဤအချက်များသည် မြေပြင်မှာ အမှန်တကယ်ကြုံတွေ့နေရသော အဟန့်အတားအခက်အခဲများဖြစ်၍ ထောက်ပံ့၊ ဖြေလျှော့ပေးနိုင်မှသာ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများကို ထုတ်ပြန်နိုင်ခဲ့သည်။ နည်းဥပဒေထွက်ရှိလာသည့်အတွက် ဆောင်ရွက်ရန်လုပ်ငန်းများ၊ နည်းပညာနှင့် ချေးငွေရရှိရေးနည်းလမ်းများ၊ မှတ်ပုံတင်ခြင်းဆိုင်ရာများ၊ တစ်နေရာတည်းဝန်ဆောင်မှု (One stop service – OSS) ပေးသည့်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လုပ်ငန်းသုံးသပ်အစီရင်ခံရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို နည်းဥပဒေအရ ပိုမိုဆောင်ရွက်နိုင်လာသည်ကို တွေ့ရသည်။

မူဝါဒ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နေသော်လည်း လက်တွေ့တွင် နည်းပညာပိုင်း၊ ဈေးကွက်ပိုင်း၊ ရန်ပုံငွေပိုင်း၊ စွမ်းဆောင်ရည်ပိုင်း၊ ချိတ်ဆက်မှုအပိုင်းများ၌ MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများစွာ ရှိနေဆဲဖြစ်သည်။ စာရေးသူကိုယ်တိုင် MSME Agency အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့စဉ်ကာလအတွင်း အစည်းအဝေးများအကြိမ်ကြိမ် တက်ရောက်ဆွေးနွေးခဲ့မှု၊ ကဏ္ဍအလိုက်တင်ပြမှု၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြေရှင်းနိုင်သည့်နည်းလမ်းများကို အကြိမ်ကြိမ်ကြားသိခဲ့ရသည်။ မြေပြင်မှာလည်း အမှန်တကယ်အခက်အခဲများရှိသည်။ တွေ့ရှိချက်နှင့် ဆောင်ရွက်ရန်များမှာ-

(က) MSME ချေးငွေကိစ္စနှင့် ပတ်သက်၍ Business Plan မရေးတတ်/မဖတ်တတ်၊ ဘဏ်စာရင်းမရှိ၊ ဘဏ်အရှုံး/အမြတ်မပြနိုင်၊ ယခုမှ စလုပ်ချင်သူများဖြစ်၊ ဆန္ဒသာရှိ၊ သတ်မှတ်ချက်များ မလုပ်တတ်၊ ရိုးရိုးရှင်းရှင်း သင်ပေးရန်နှင့် ရိုးရိုးရှင်းရှင်းသတ်မှတ်ရန် လိုအပ်ခြင်း၊

(ခ) ပြည်ထောင်စုအဆင့်က စီမံခန့်ခွဲသော သတ်မှတ်သော ချေးငွေအရင်းအမြစ်သာရှိပြီး ဆိုင်ရာပြည်နယ် / တိုင်းများမှ ၎င်းတို့ အစီအစဉ် / အစီအမံဖြင့် ချေးငွေအမျိုးအစားများ မရှိခြင်း၊ ဘတ်ဂျက်မရှိခြင်း၊

(ဂ) ဆိုင်ရာဌာနများ၏ MSME နှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို သာမန်ပြည်သူများ နားလည်အောင် ရေးဆွဲလုပ်ဆောင်သင့်ခြင်းနှင့် ရိုးရှင်းလွယ်ကူအောင် ပြင်ဆင်ဆောင်ရွက်ပေးသင့်ခြင်း၊

(ဃ) Agency များ ပုံမှန် Function ဖြစ်ရန်လိုပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးတွင် ဆိုင်ရာအစိုးရများ၊ လုပ်ငန်းရှင်များအားအထောက်အပံ့ပေးနိုင်အောင်လုပ်ရန် လိုအပ်နေသေးခြင်း၊

(င) နှစ်စဉ် တစိုက်မတ်မတ် စီမံချက်အစီအစဉ်ရေးဆွဲပြီး လုပ်ငန်းစဉ်ဇယားရေးဆွဲကာ ဒေသအလိုက် ထုတ်ကုန်ပြပွဲများ မဖြစ်မနေလုပ်ရန်၊ အားပေးရန်၊ ဆုပေးရန်၊ ဈေးကွက်ချိတ်ဆက်ပေးရန် လိုအပ်ခြင်း၊ ရာသီအလိုက် တစိုက်မတ်မတ်လုပ်ရန်လိုအပ်ခြင်းနှင့် စဉ်ဆက်မပြတ် အားပေးအားမြှောက်ပေးရန် လိုအပ်ခြင်းတို့ ဖြစ်သည်။

## မြန်မာနိုင်ငံ၏ MSME ကဏ္ဍအပေါ် လေ့လာသုံးသပ်တွေ့ရှိချက်

၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စစ်တမ်းကောက်ယူခဲ့သည့် Myanmar Micro, Small and Medium Enterprise Survey 2019 အစီရင်ခံစာအရလည်း လုပ်ငန်းရှင်များ အများဆုံးတွေ့ကြုံရသည့် အဟန့်အတားမှာ ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ နည်းပညာပိုင်းကျွမ်းကျင်မှု အားနည်းခြင်း၊ ဝယ်လိုအားအကန့်အသတ်ရှိခြင်း၊ ဈေးကွက်ဝန်ဆောင်မှု/ သယ်ယူပို့ဆောင်မှုအပိုင်းတွင် အားနည်းခြင်း၊ ကုန်ကြမ်းရှားပါးခြင်း၊ စွမ်းအင်ရရှိမှုအားနည်းခြင်း(လျှပ်စစ်စွမ်းအင်/ လောင်စာဆီ) စသည်တို့ဖြစ်သည်။

စာရေးသူ၏ လေ့လာချက်အရလည်း မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် စိန်ခေါ်မှုများအနေဖြင့် တိုးတက်ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းအရ MSME လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတို့အတွက် နည်းပညာအသစ်များ အသုံးပြုနိုင်မှုနည်းပါးနိုင်ခြင်း၊ MSME လုပ်ငန်းရှင်များ ဈေးကွက်ဝေစုရရှိနိုင်ရန်နှင့် လုပ်ငန်းချဲ့ထွင်ရာတွင် ကုမ္ပဏီကြီးများ၏ ပြိုင်ဆိုင်မှုကို ရင်ဆိုင်ရနိုင်ခြင်းနှင့် MSME လုပ်ငန်းများသည် မကြာခဏ အရင်းအမြစ်အကန့်အသတ်များရှိနိုင်ပြီး ဝယ်လိုအားအခြေခံနည်းပါးသောကြောင့် စီးပွားရေးအတက်အကျအချိန်များ၊ ဈေးနှုန်းကျချိန်များတွင် ပိုမိုထိခိုက်နိုင်ခြေရှိခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း လေ့လာသုံးသပ်ရသည်။

ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးအရင်းအနှီး၊ ကဏ္ဍအလိုက်ချိတ်ဆက်မှု၊ လုပ်သားအင်အား၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အတားအဆီးများ စသည့်ကဏ္ဍအသီးသီး၏ ပြောင်းလဲမှုကို ဖော်ဆောင်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးမည့် မူဝါဒအသစ်များ ချမှတ်နိုင်ရေးကို ထည့်သွင်းစဉ်းစားရန်လိုသည်။

ထိုသို့ ထည့်သွင်းစဉ်းစားရာတွင် ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် လုပ်ငန်းတူများကို စုဖွဲ့ပူးပေါင်းဆောင်ရွက်စေရန်၊ Value Chains ပိုမိုအားကောင်းစေရန်၊ စားသောက်ကုန်ထုတ်လုပ်မှုပိုင်းတွင် International Value Chains ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ပေးရန်၊ ဈေးကွက်အဆင်ပြေမှုရှိစေရန်၊ အသေးစား/ အလတ်စားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများ ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် တရားဝင်ငွေကြေးအရင်းအနှီးရရှိစေရေး ဆောင်ရွက်ပေးရန်၊ အငယ်စားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုတိုးမြှင့်စေရေးအတွက် လေ့ကျင့်သင်ကြားပေးမှုများ၊ အခွင့်အလမ်းများမြှင့်တင်ပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခလစာတို့တွင် ကျား/မ တန်းတူညီမျှမှုအပါအဝင် အလုံးစုံဖွံ့ဖြိုးပြီး မျှတသောလုပ်သားဈေးကွက် ဖန်တီးပေးရန် စသည့်အချက်များကို အဓိကထား ထည့်သွင်းစဉ်းစားရန်လိုမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ လက်ရှိ MSMEs ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က စီးပွားရေးဦးတည်ချက် (၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ “သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”သည် ဦးစားပေး ဦးတည်ချက်တစ်ရပ်အနေဖြင့် ပါဝင်ပြီးဖြစ်သည်။

## နိုင်ငံတော်အစိုးရ၏ MSME ကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု

နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးနှင့် လုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေး၊ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းလိုအားမြှင့်တင်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် MSME ချေးငွေများ၊ မြစိမ်းရောင်ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတို့မှ ရင်းနှီးမတည်ငွေများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ MSME ၏ အခြေခံဖြစ်သော ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ သွင်းအားစုနှင့် စာမျက်နှာ ၁၈ သို့ ☆

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၇၅ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၄၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၃ | ၂၀၈၇ |
| 95 Ron | ၂၀၈၃ | ၂၁၅၈ |
| HSD (500 ppm) | ၂၁၁၇ | ၂၁၈၉ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၄ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရိုးရာဓလေ့အစဉ်အလာအတိုင်း နွားလှည်းအစီး ၃၀ ပါ ယာဉ်တန်းဖြင့် ဘုရားဖူးထွက်

မင်းဘူး မတ် ၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းလှကျင်းရွာသူရွာသားများသည် ယခုနှစ်လည်း ရိုးရာဓလေ့အစဉ်အလာအတိုင်း တပေါင်းလဆန်း ၁၂ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် လှည်းအစီး ၃၀ ပါ ယာဉ်တန်းဖြင့် စတင်၍ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ၄ ရက်တိုင် ညအိပ်ဘုရားဖူးထွက်ခွာမည်ဖြစ်ကြောင်း မင်းလှကျင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုံးကြိုင်ထံမှ သိရသည်။

မင်းလှကျင်းကျေးရွာသည် အိမ်ခြေပေါင်း ၂၀၀ ကျော်ရှိကာ ရွှေစက်တော်ဘုရားနှင့် ၁၃ မိုင်သာ ဝေးကွာသောကြောင့် နွားလှည်းမရှိသူများမှအပ ကျန်အိမ်ထောင်စုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် ဘုရားဖူးထွက်သည့်အစဉ်အလာ ရှိကြသည်။

နှစ်စဉ် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၃ ရက်အတွင်း ဘုရားဖူးထွက်လေ့ရှိကြပြီး ခုနစ်ရက်တိုင် အောက်သောင်ပြင်ရေဆိပ်တွင် စခန်းချ ဖူးမြော်လေ့ရှိကြသော်လည်း ယခုနှစ်တွင် တပေါင်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ၄ ရက်သာ ညအိပ်စခန်းချ ဖူးမြော်မည်ဖြစ်သည်။

မင်းလှကျင်းကျေးရွာသည် မင်းဘူး(စကု)မြို့နယ်တွင် တည်ရှိပြီး ဘိုးဘေးဘီဘင်လက်ထက်မှ ယနေ့ကာလအထိ ရှေးရိုးစဉ်လာမပျက် နွားလှည်းတန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဘုရားဖူးခဲ့ကြသည့် တစ်ခုတည်းသောကျေးရွာဖြစ်ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

☆ စာမျက်နှာ ၁၇ မှ

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လူငယ်နှင့်အမျိုးသမီးများ၊ စွန့်ဦးတီထွင်သူများအား လိုအပ်သည့် နည်းပညာပေးခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့အပြင် ဆက်စပ်ဌာနများ၊ NGO၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်ကြမ်းနှင့် သွင်းအားစုရရှိအောင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

### ဒေသမှ စံပြုထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရေး ဆောင်ရွက်ခြင်း

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု လုပ်ငန်းများမှ တစ်ဆင့် ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းချိုသာပြီး အဆင့်မီစွာသုံးစွဲနိုင်မည့် ကုန်ပစ္စည်းများကို တွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက်လည်း OVOP အစီအစဉ်ဖြင့် ဒေသထွက်ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ထွက်ပေါ်လာရေးကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

### ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရုံမက ပြည်တွင်းဖူလုံပြီး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး

စားသုံးဆီဖူလုံရန် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေးတို့အပြင် အုန်းသီးအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများကို ဒေသထွက်ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ပြီဖြစ်သည်။ တန်ဖိုးမြှင့် ကော်ဖီထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သောစက်ကိရိယာနှင့် အရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်လာနိုင်စေရေးအတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

### MSMEs ကဏ္ဍဖွံ့ဖြိုးရေးတွင် အရေးပါသည့် ထိုင်းနိုင်ငံ၏ OTOP နှင့် မြန်မာနိုင်ငံ၏ OVOP

အထက်တွင် ကျွန်တော်ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း ထိုင်းနိုင်ငံ၏ OTOP စီမံကိန်းသည် ဒေသထွက်အင်အားစုနှင့် သယံဇာတများကို အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ပင် မြန်မာနိုင်ငံ၏ OVOP သည်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးလာနိုင်ပြီး MSME လုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးလာစေရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ၉၉ ရာခိုင်နှုန်းခန့်အထိ ပါဝင်လျက်ရှိရာ နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် အရေးကြီးသောအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ စာရေးသူအနေဖြင့် သုံးသပ်ဆွေးနွေးလိုသည်မှာ MSME လုပ်ငန်းရှင်များ အဓိကရင်ဆိုင်နေကြရသည့် အဟန့်အတားများ ဖြေလျှော့ပေးခြင်း၊ OVOP စနစ်ဖြင့် ဒေသအလိုက် စံပြုထုတ်ကုန်များ ထုတ်လုပ်လာနိုင်ပြီး ပြည်တွင်း/ ပြည်ပသို့ ဈေးကွက်ဝင်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ သွင်းအားစုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးစေရေးတို့အတွက် လိုအပ်သောရန်ပုံငွေ၊ ချေးငွေအခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့အပြင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအခြေခံဖြစ်သော MSME ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

၁။ Myanmar Micro, Small, and Medium Enterprise Survey 2019 Descriptive Report
၂။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)
၃။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေ (၂၀၁၆)
၄။ အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေ (၂၀၁၁)
၅။ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏(၁/၂၀၂၃)အစည်းအဝေးကောက်နုတ်ချက်
၆။ ကမ္ဘာ့ဘဏ်မှ ရေးသားသော ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုဖော်ပြချက်
၇။ Charltons Myanmar ၏ SMES in Myanmar ဖော်ပြချက်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ငွေမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

ရခိုင်ပြည်နယ်အတွင်းရှိကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များဖြစ်သည့်ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် ငွေမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၉၁ ဦးအား ၎င်းမြို့ရှိ ရတနသိဒ္ဓိဗိမာန်တော်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရောဂါ ၆၀၊ မျက်စိရောဂါ ၂၂၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ဓာတ်မှန်ရိုက်လူနာခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ရေယာဉ် (သံလွင်)ပေါ်ရှိ ခွဲစိတ်လူနာများနှင့် မျက်စိခွဲစိတ်လူနာများအားအာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်း ဆက်လက်ဆောင်ရွက်ပေးသည်။



ဒေသခံပြည်သူများ


အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ပေါ်ရှိ ခွဲစိတ်လူနာများနှင့် မျက်စိခွဲစိတ်လူနာများအား ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၆ ဦး၊ ခွဲစိတ်ရောဂါ ၄၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၃၆ ဦး၊ အရိုးရောဂါ ၂၂၀၊ နား/ နှာခေါင်း/ လည်ချောင်းဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တပ်မတော်ပင်လယ်သွား ဆေးရုံများနှင့် မျက်မှန်များ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

ဆရာဝန်ကပြောတယ်၊ အမေ့ မျက်လုံးက အများကြီးပိုဆိုးတယ်၊ မျက်လုံးကိုခွဲမှဖြစ်မှာမို့လို့ လာပြီးကုသတာပါ၊ အတော်လည်း ဝမ်းသာတယ်၊ ကိုယ့်အမေမမြင်ရတော့ဘူးလို့ ထင်ထားတာ။ ကိုယ့်အမေ ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်လုံးကန်းရဖို့ဆိုပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဝမ်းနည်းကြေကွဲရတယ်၊ မရှိတဲ့လူတွေအဖို့မှာတော့ ဒီလိုလာရောက်ကုသပေးတဲ့အတွက် အများကြီးကောင်းတာပေါ့၊ ဒီလိုလာပေးတဲ့အတွက် ကျေးဇူးအများကြီးတင်တယ်၊ သမီးအမေကို မျက်လုံးခွဲပေးတဲ့အတွက်လည်း ဘယ်လိုမှ ပြောမပြတတ်အောင် စိတ်ထဲက ကျေးဇူးတင်မိတယ်၊ ပျော်လည်းပျော်တယ်၊ သမီးတို့မြို့ကို တစ်နှစ်ကို တစ်ခါလောက်တော့ လာစေချင်တယ်၊ ဘာလို့လဲဆိုရင် သမီး မိဘတွေအပြင် တခြားမရှိတဲ့သူတွေကိုလည်း ကုသချင်တယ်။ အခု လာကုတဲ့သူတွေလည်း ဘာမှပူစရာမလိုဘူး၊ လိုရာခပ်သိမ်း အကုန်လုံးလုပ်ပေးတယ်။ အများကြီးလည်း တာဝန်ကျေတယ်။ ဒီလိုမျိုး ဆရာဝန်ကြီးတွေနဲ့ လုပ်ကိုင်ပေးတဲ့အဖွဲ့အားလုံးကို သမီးက ကျေးဇူးအများကြီးတင်တယ်။ ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။

သင်္ဘောပေါ်တက်သွားကတည်းက တယုတယ လိုလေသေးမရှိ အကုန်တွဲပို့၊ တွဲချီ၊ တွဲမ၊ ခုတင်တွေ အဆင်သင့်၊ စောင်တွေလည်း အဆင်သင့်ရှိတယ်၊ အိပ်ရာခေါင်းအုံးကအစပေါ့။ ဒီလိုမျိုး ကုပေးတဲ့ အဖွဲ့တွေကိုလည်း အထူးကျေးဇူးတင်တယ်။ လာမယ့်နှစ်တွေလည်း လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။

မျက်စိတစ်ဖက်မမြင်လို့၊ အခုတော့ကောင်းသွားပြီ၊ ကြည်သွားပြီ၊ ခွဲပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ သင်္ဘောကြီးပေါ်မှာ မနက်စာ၊ ညစာ ကျွေးတယ်။ သူတို့လုပ်ပေးတာတွေကိုလည်း ပီတိတွေဖြစ်ရပါတယ်။ အခမဲ့လည်း ကုပေးတယ်။ အကုန်လုံးအစစအရာရာ အဆင်ပြေအောင်လည်း လိုက်လုပ်ပေးတယ်။ တက်တာ ဆင်းတာကအစ အကုန်လိုက်လုပ်ပေးတယ်။ သူတို့လည်း ပင်ပန်းပါတယ်။ အကုန်လုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ လိုရာခရီးတွေ ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။

အဆီအကျိတ်လေးဖြစ်နေလို့ လာခွဲတာပါ၊ ဒီရောက်လာတော့ သူတို့ နွေးနွေးထွေးထွေး ကြိုဆိုကြတယ်၊ ကျွန်တော်တို့ဒေသလေးက မြို့သာပြောတယ် မြို့လေးက သေးသေးလေးဆိုတော့ ဖွံ့ဖြိုးမှုလည်း နည်းနည်းနောက်ကျတယ်လေ၊ အဲဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်လို့ အခုလိုမျိုး အခမဲ့လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ အမြဲတမ်းလည်း မကြာမကြာ လာစေချင်ပါတယ်၊ ဆေးရုံက ခုတင် ၅၀ ပဲ ရှိတယ်လေ၊ ခုတင် ၅၀ ပဲ ရှိတဲ့အခါကျတော့ ဆရာဝန် အလုံအလောက်မရှိဘူး၊ ခုလို စုံစုံလင်လင်လာပြီး ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံး ကျေးဇူးအထူးတင်ရှိပါတယ်။

**သတင်းစဉ်**

---

*** ကျောဖုံးမှ**

အမှတ်(၆၁) အဆန်အမြန်ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ပုဂံဘူတာသို့ နောက်တစ်နေ့မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၆၂) အစုန်အမြန်ရထားသည် ပုဂံဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဘူတာသို့ ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာပေးထားသည်။

“ကျွန်တော်က နတ်မောက်ကနေ ရန်ကုန်သွားမယ့် ခရီးသည်တစ်ယောက်ပါ၊ အိမ်ရှင်မကို ရန်ကုန်ဆင်းပြီး ဆေးကုဖို့သွားရတာ၊ မကွေး-ရန်ကုန် ယာဉ်လိုင်းတွေနဲ့ သွားရတယ်၊ ကားခက တစ်ဦးကို ရန်ကုန်အရောက် ၁၈၀၀၀ ပေးရပါတယ်၊ ကားနဲ့ လူနာကိုသယ်ပြီး သွားရတာက အဆင်မပြေလှပါဘူး၊ သီးသန့်ကားငှားမယ်ဆိုရင်လည်း ရန်ကုန် အသွားတစ်ကြောင်းကို နှစ်သိန်းဝန်းကျင်ဆိုတော့ ငွေကြေးမတတ်နိုင်ဘူး၊ အခုစရိတ်လည်းသက်သာသလို လူနာအတွက်လည်း သက်သောင့်သက်သာရှိတယ်၊ မီးရထားလက်မှတ်ခက ရန်ကုန်-ပုဂံခရီးဆုံးအထိစီးရင် ရိုးရိုးတန်း ငွေကျပ် ၇၂၀၀၊ အထက်တန်းထိုင်ခုံ ငွေကျပ် ၁၄၄၀၀၊ အထက်တန်းအိပ်စင်ဆိုရင် ငွေကျပ် ၁၉၈၀၀ ဖြစ်လို့ ဈေးနှုန်းအလွန်သက်သာပါတယ်၊ ရထားပြန်လည်ပြေးဆွဲပေးလို့ မြန်မာ့မီးရထားကို ကျေးဇူးတင်ပါတယ်”ဟု သမှုန်းပင်ရွာမှ ကိုစိန်မောင်က ပြောသည်။

ရန်ကုန်-ပုဂံအမြန်ရထားသည် လမ်းခရီးတွင် ဘူတာ ၂၃ ဘူတာ ရပ်နားပေးပြီး နတ်မောက်မြို့နယ်တွင် နတ်မောက်၊ လေးအိမ်၊ သားမျှားနှင့် ပင်းချောင်းဘူတာတို့တွင် ရပ်နားပေးသဖြင့် ရန်ကုန်-ပုဂံ လိုက်ပါစီးနင်းမည့် ခရီးသွားများ အဆင်ပြေကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် မတ် ၂**

(၇၈)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကွပ်ကဲမှုအောက် ဌာနချုပ်များ၊ ကျောင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။



**ကြည့်ရှုအားပေး**

အဆိုပါ တပ်မတော်(ရေ)ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ ဖြေဆိုနေမှုများအား ကာကွယ်ရေးဦးစီးချုပ် (ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် နိုင်မင်းကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည် ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် လေးမျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့်(Grade 10, Grade 11, Grade 12)ပညာသင်ကာလ သုံးနှစ် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီပါက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ် သုံးမျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ခြင်းနည်းပညာ(Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် ခြောက်နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့(BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် လေးနှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့(B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် သုံးနှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာ ဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း များစွာအထောက်အကူရရှိစေမည် ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) ငါးနှစ် သင်တန်းကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေး ဒီပလိုမာလက်မှတ်(Diploma in Agriculture) သုံးနှစ် သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ ငါးနှစ် သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။


အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။


## (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ သုံးနှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။ **စာမျက်နှာ ၂၁ သို့ »»**

**အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**




**Learning Opportunities for Grade 9 Passed Students**



»»» **စာမျက်နှာ ၂၀ မှ**

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) ခြောက်နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) လေးနှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) သုံးနှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) သုံးနှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည် ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် လေးနှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ် တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂)မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁)ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁)ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂)ကော့ကရိတ် |
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁)ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂)ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄)ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁)ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆)မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထက-လက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဥ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁)စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂)သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁)အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁)အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃)ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁)လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁)ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကော့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀)ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁)ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ)ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂)လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျိုး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၇-၂-၂၀၂၃ ရက်မှအဆက်

[၁၂]

သည်နေ့လည်း အိပ်ရာသို့ စောစောဝင်လာခဲ့သည့်တိုင်အောင် အိပ်၍ကား မပျော်ပါချေ။

သုံးလေးရက်က ရောက်ရှိလာခဲ့သော မိဘများ ထံမှပေးစာသည် ယခုထိအောင်ပင် ကိုအေးဆွေ၏ စိတ်နှလုံးများကို ထိခိုက်နေဆဲပင် ရှိသေးသည်။ တွေးလိုက်တိုင်း ရင်ကို နင့်စေလေသည်။

တကယ်ဆိုတော့လည်း မိဘများ၏ဘဝအတွက် ကြေကွဲရခြင်းပင်။ မိဘများသည် သူတို့အတွက် ဘာတစ်ခုမျှ မျှော်လင့်ချက်မထားကြပေ။ မိမိ ကြီးပွားရေးကိုသာ အဓိကထားကြသည်။ သူတို့ဘဝကိုကား ပေယျာလကန်ထား၍ ဥပေက္ခာပြုနိုင်စွမ်း ရှိကြသည်။ အင်း၊ မိဘများ၏ ကျေးဇူးတရားများသည် ဆပ်မကုန်နိုင်အောင် ကြီးမားလှချေသည် တကား။ မိမိအပေါ်ထားရှိသော မိဘများ၏ မေတ္တာ၊ ကရုဏာများကား နက်ရှိုင်းလှချေပါဘိ။

သို့တစေ မိဘများက မိမိအား ကြီးပွားစေချင်၊ ပညာတတ်စေချင်သော်လည်း ယခုလက်တွေ့ မိမိ ဘဝမှာကား ကြံ့တိုင်းမမြောက်ဘဲဖြစ်နေသည်။ အလုပ်ရှာခဲ့သည်မှာလည်း တိုက်တကာ ရုံးတကာ နှံ့၍ မူးပင်နေပါချေပြီ။ ဘယ်နေရာမှ နေရာလပ် မရှိ။ နေရာလပ်ရှိသည်ဟု ကြားလျှင်ကြားချင်း ပြေးလွှား၍ လျှောက်လိုက်ပြန်ပါကလည်း အခြားသူများသာရသွားကြသည်။ မိမိမှာ ဘီအေ၊ အိုင်အေ၊ ဘီအက်စီတွေကြားထဲတွင် လျှောက်ရသည်က တစ်ကြောင်း၊ အကပ်အရပ်မရှိ၍ တစ်ကြောင်း နောက်ဆုံး အမောသာအဖတ်တင်ခဲ့သည်။

သို့ဖြင့် ဆိုက်ကားပဲ နင်းတော့မည်ဟု စိတ်ကူးရကာ ကိုအောင်ဖေထံမှတစ်ဆင့် ဆိုက်ကားတစ်စင်းကို အငှားယူ၍ နင်းခဲ့၏။ ကိုအောင်ဖေကဆိုလျှင် ဆင်းရဲလှသော ဆိုက်ကားသမားအလုပ်ကို မလုပ်ရန် တားမြစ်ခဲ့၏။

“အေးဆွေရ ငါသာပညာမတတ်လို့ ဆိုက်ကားနင်းနေရတာ။ ပြီးတော့ အလွန်ဆင်းရဲတာကွ။ မင်းလို ဆယ်တန်းလောက်သာအောင်ရင် ငါတော့ ဘယ်တော့မှ ဆိုက်ကားမနင်းဘူး။ တခြားအလုပ်ရှာလုပ်မှာပဲ။ ပြီးတော့လည်း ဆိုက်ကားနင်းမယ်ဆိုရင် လိုင်စင်ရှိမှဖြစ်တာ။ လိုင်စင်မရှိရင် အဖမ်းခံနေရဦးမယ်”

“ဟုတ်ပါတယ်၊ အစ်ကိုအောင်ပြောတာ။ ဒါပေမဲ့ အစ်ကိုအောင်ပြောသလို ကျွန်တော်နဲ့ ထိုက်တန်တဲ့ စာရေးစာချီအလုပ်တို့ ဘာတို့က မရဘူးမဟုတ်လား အစ်ကိုအောင်ရဲ့။ ဒါကြောင့် ကိုယ်ပိုင်အလုပ်ဖြစ်တဲ့ ဆိုက်ကားနင်းတဲ့ အလုပ်ကိုပဲ လိုင်စင်ယူပြီး ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ လုပ်တော့မယ်လို့ ဆုံးဖြတ်တာပါ”

“အေး၊ မင်းပြောတာလည်း ဟုတ်ပါရဲ့ကွာ။ ဒါပေမဲ့ တို့ဆိုက်ကားအလုပ်က အရင်ကလို တွက်ခြေသိပ်မကိုက်တော့ဘူး ဆိုတာကိုကော မင်းသိရဲ့လား။ သုံးဘီးကားတွေ ပေါ်လာကတည်းက တို့ ဆိုက်ကားသမားတွေဟာ မဟန်တော့ဘူးကွ။ ခက်ပါတယ်ကွာ၊ လုပ်ရိုးလုပ်စဉ် လုပ်စားတော့လည်း မိုးခေါင်၊ ခိုးစားတော့လည်း ခွေးဟောင် ဆိုတာလို ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားတဲ့ လူများကတော့ ဘယ်တော့မှ ထမင်းနပ်မှန်အောင် မစားရဘူးကွ” ဟု ကိုအောင်ဖေက ခြိုးသံပါအောင် ညည်းညူရင်း ပြောနေတော့သည်။

“ကဲပါလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ဆိုက်ကားတစ်စီး သာရှာပေးစမ်းပါ။ ကျွန်တော် နင်းပါ့မယ်”

နောက်ဆုံးတွင် ကိုအောင်ဖေမှာ ကိုအေးဆွေ၏ ပူဆာချက်ကြောင့် ဆိုက်ကားတစ်စီးကို ရှာပေးရတော့သည်။ ကိုအေးဆွေကလည်း မနင်းတတ်နင်းတတ်ဖြင့် တဖြည်းဖြည်း ကြိုးစား၍နင်းလေသည်။

သို့သော်လည်း ရလာသည့်ငွေများမှာ တစ်ခါတစ်ရံ ဆိုက်ကားရှင်အားပေးဖို့ပင်လျှင် လုံလောက်အောင် မရချေ။ သို့ဖြင့် ဆိုက်ကားအလုပ်ကို ပစ်ပယ်ကာ တခြားအလုပ်ကို ရှာပြန်၏။ ငွေအား ဉာဏ်အား မစိုက်ထုတ်ရသော သဘော်ကြီး ကုန်တင်ကုန်ချအလုပ်၊ ကန်ထရိုက်တာခေါ်သည့် မြေတူး၊ အုတ်သယ်အလုပ် စသော ကျပန်း အလုပ်ကြမ်းမှန်သမျှကိုလည်း အလိုက်သင့်သလို လုပ်၏။ သို့ရာတွင်မူ မှန်မှန်လုပ်ရသည်ကား မဟုတ်ပေ။ ၎င်းတို့လူများ အလုပ်မဆင်းနိုင်၍ လူမပြည့်သည့် အခါမှသာ လာရောက်ခေါ်လေ့ရှိလေသည်။

ယင်းသို့ မှန်းခြေနှင့် မကိုက်သောအခါ ကိုအေးဆွေသည် မိမိ၏ မက်ထရစ်စာမေးပွဲ အောင်လက်မှတ်ကိုလည်း သံသယဖြစ်လာသည်။ ဆရာကြီးဦးလှဒင်ပြောသလို ဟုတ်များနေသလားဟုလည်း သို့လော သို့လော တွေးတောလာမိရင်း ဆရာကြီး၏စကားများကို အမှတ်ရလာသည်။

“ဆရာတို့ တတ်ခဲ့တဲ့ပညာ၊ အခု မင်းတို့သင်နေတဲ့ ပညာဟာ အလကားပါကွာ။ ကျွန်ပညာကြီးပါ။ တိုင်းပြည်အတွက် ဘာမှ ထိထိရောက်ရောက် အကျိုးမပြုနိုင်ပါဘူး။ အခု မင်းတို့တတ်သွားလည်း စာရေးစာချီစတဲ့ လခစားလုပ်ရုံကလွဲလို့ ဘာမှ မလုပ်တတ်ပါဘူးကွာ” ဟု ဆရာကြီး ဦးလှဒင်က လက်ရှိပညာရေးစနစ်ကို ရှုတ်ချ၍ မကြာခဏ ပြောရင်း ဆိုရှယ်လစ်နိုင်ငံများတွင် ကျင့်သုံးနေသော ဆိုရှယ်လစ်ပညာရေးစနစ်များနှင့် နှိုင်းယှဉ်ဝေဖန်၍ ပြောပြခဲ့ဖူးသည်။

“ဆိုရှယ်လစ်ပညာရေးဆိုတာဟာ တစ်ဖက်က စာပေဆိုတဲ့ အသိပညာကို သင်ပေးရင်း တစ်ဖက်ကလည်း ကျောင်းကထွက်ရင် အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် တိုင်းပြည်မှာ တကယ်လိုအပ်တဲ့ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်မယ့် စက်မှုလက်မှု အတတ်ပညာ၊ မွေးမြူရေး၊ စိုက်ပျိုးရေး အတတ်ပညာတွေပါ တစ်ပါတည်း ပူးတွဲသင်ပေးလေ့ရှိတယ်ကွယ့်။ တစ်နည်းအားဖြင့် ဘဝအာမခံချက်ရှိတယ်ဆိုရမှာပေ့ါကွာ”

ဆရာကြီးပြောသကဲ့သို့ပင် ဟုတ်၍များနေလေရော့သလား။ ယခုတော့မူ စာရေးစာချီ အလုပ်ကလေးမျှပင် ရှာ၍မရချေ။ ထို့ကြောင့်လည်း မိမိလို ဆယ်တန်းလောက် အောင်ရုံမျှဖြင့်တော့ ဘဝအာမခံချက်မရနိုင်သေးဟု ထင်မြင်ယူဆလာမိသည်။

သို့တစေလည်း တစ်ဖက်ကမူ မိမိ အနည်းအကျဉ်း လေ့လာမှတ်သားဖူးသော အရင်းရှင်စီးပွားရေးစနစ်ကြောင့်လောဟု အတွေးကဝင်လာပြန်၏။ ထိုအခါ ဆရာကြီး ဦးလှဒင်နှင့် သူ့ရဲဘော်များ ဆွေးနွေးချက်သဘောတရားများကို နားတွင်ကြားယောင်လာသည်။

“ဒီနေ့ ကျုပ်တို့မြန်မာနိုင်ငံဟာ ပဒေသရာဇ် မြေရှင်တစ်ပိုင်း၊ ကိုလိုနီတစ်ပိုင်း နိုင်ငံပဲ။ ဘာကြောင့်ဆိုရင် ခုထက်ထိ မြေရှင်ကြီးတွေရဲ့ ခြယ်လှယ်မှုကို ခံနေရတုန်းရှိသေးတယ်။ ထွန်ယက်စိုက်ပျိုးမှု ကြည့်တော့လည်း ကျွဲနွားနဲ့ဖက်ပြီး ရုန်းရတုန်းပဲ။ စက်မှုလယ်ယာအဆင့်ဟာ လုံးဝမစရသေးဘူး။ ဒါကြောင့်မို့လို့လည်း ထွက်ကုန်သီးနှံဟာ တခြားစက်မှုနိုင်ငံတွေလို လှိုင်လှိုင်မထွက်နိုင်သေးဘူး။ နောက်ပြီး စက်မှုလုပ်ငန်းဟာလည်း မထွန်းကားသေးတော့ လူသုံးကုန်ပစ္စည်းတွေဆိုရင်လည်း နိုင်ငံခြားကို ခုထက်ထိ အားကိုးရတုန်းပဲ။ ဒီလို စက်မှုလက်မှုမထွန်းကားသေးတဲ့၊ ခေတ်နောက်ကျ ကျန်ရစ်ခဲ့တဲ့၊ လူ့လုပ်အားနဲ့ချည်း လယ်ယာကိုင်းကျွန်း စိုက်ပျိုးရေးကိုသာ အဓိကအားကိုးအားထားပြုနေရတဲ့ တိုင်းပြည်ဖြစ်ခြင်းကြောင့် အတွေးအခေါ်ပိုင်း ဆိုင်ရာမှာလည်း တိုးတက်တဲ့အယူအဆဟာ မရှိသေးဘူး။ စုန်း၊ တစ္ဆေ၊ ကဝေ၊ နတ်တွေကို ယုံကြည်စွဲလမ်းတုန်း၊ ကိုးကွယ်တုန်းရှိနေသေးသလို တစ်ဖက်ကလည်း ကျွန်စိတ်မကုန်သေးဘူး။ အင်္ဂလိပ်ကိုမှ အထင်ကြီးတုန်း၊ နိုင်ငံခြားပစ္စည်းကိုမှ မက်မောခင်တွယ်တုန်း၊ အထင်ကြီးတုန်းရှိသေးတယ်။ စီးပွားရေးမှာလည်း နိုင်ငံခြားသားတွေရဲ့ အခြယ်အလှယ် ခံနေတုန်းပဲ ရှိသေးတယ်။ ဒါကြောင့်မို့လို့လည်း ကျုပ်တို့ ဒီနေ့ မြန်မာနိုင်ငံကို ပဒေသရာဇ် မြေရှင်တစ်ပိုင်း၊ ကိုလိုနီ ကျွန်တစ်ပိုင်းနိုင်ငံရယ်လို့ ဆိုလိုတာပေ့ါ”

“ကိုလိုနီ ကျွန်တစ်ပိုင်းနိုင်ငံဆိုတာတော့ ဟုတ်ပဲ့ါ မလားဆရာ။ လွတ်လပ်ရေးရနေပေ့ါဟာပဲ။ အကျယ် ရှင်းပြပါဦး။ ကျွန်တော်တို့ သိပ်သဘောမပေါက်ဘူး”

ဆရာကြီး ဦးလှဒင်အား သဘောတရားရေးအယူ အဆတွင် နုနယ်သေးဟန်တူသော ရဲဘော်တစ်ယောက်က ပွင့်လင်းစွာဖြင့် ဝင်ရောက်မေးလိုက်လေသည်။

“ဟုတ်တာပေ့ါဗျာ။ ဒီနေ့မျက်မြင်အရ လွတ်လပ်ရေးရပြီး နိုင်ငံရေးအရ လွတ်လပ်နေပေမဲ့လို့ စီးပွားရေးဆိုင်ရာ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေကို ကြည့်လိုက်မယ်ဆိုရင် မလွတ်လပ်သေးဘူး။ ဘာကြောင့်ဆိုရင် ဒီနေ့ကြည့်လေ၊ တိုင်းပြည်မှာ မရှိမဖြစ်တဲ့ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တဲ့ ရေနံလုပ်ငန်းတို့၊ ပြီးတော့ အချို့ ကျွန်းသစ်လုပ်ငန်းတို့ဆိုရင် နိုင်ငံခြားအရင်းရှင်ကြီးတွေက ပိုင်တုန်း ဆိုင်တုန်း လက်ဝါးကြီးအုပ်တုန်းပဲ။”

“တစ်ခါ တိုင်းပြည်ရဲ့ အသက်သွေးကြောဖြစ်တဲ့ ပြည်တွင်း ပြည်ပ ဆန်စပါး စတဲ့သီးနှံကုန်ရောင်းဝယ်ရေးလုပ်ငန်းတို့၊ ပြီးတော့ သွင်းကုန် ထုတ်ကုန်စတဲ့ အခြားကုန်ပစ္စည်း ကုန်သွယ်ရေးလုပ်ငန်းကြီးတွေ ကြည့်လိုက်မယ်ဆိုရင်လည်း နိုင်ငံခြားသား အရင်းရှင်ကြီးတွေက ခုချိန်ထိ နယ်ချဲ့လက်အောက်တုန်းကလိုပဲ အရင်းရှင်ကြီးတွေကိုယ်တိုင် ကြိုးကိုင်ခြယ်လှယ်တုန်းပဲ။ မြန်မာတိုင်းရင်းသားတွေဆိုတာ အနားတောင် မကပ်နိုင်ဘူး”

“ဟင်၊ မြန်မာတိုင်းရင်းသားတွေပဲ သွင်းကုန်ထုတ်ကုန်လုပ်ငန်းကို လိုင်စင်ယူပြီး ကုမ္ပဏီကြီးတွေတောင် လုပ်နေကြတာမဟုတ်လား။ အစိုးရကလည်း မြန်မာတိုင်းရင်းသားတွေမှ လုပ်ခွင့်ပြုတာ မဟုတ်လားဆရာ”

ရဲဘော်တစ်ယောက်က ဆရာကြီးဦးလှဒင်၏ တင်ပြချက်များကို ငြင်းချက်ထုတ်လိုက်သည်။

“ရဲဘော်ပြောတာဟုတ်ပါတယ်၊ မငြင်းလိုပါဘူး။ ဒါပေမဲ့ နောက်ပိုင်းက နိုင်ငံခြားသားအရင်းရှင်ကြီးတွေရဲ့ အရင်းအနှီးတွေပါ။ ဒါကြောင့်မို့လည်း သူတို့က ကြိုးကိုင်နေတာပေ့ါ။ မြန်မာတွေက အမည်ခံဗန်းပြပါ၊ လခစားပါ။ နောက်ပြီး ရှိသေးတယ်။ အချို့ မြန်မာတိုင်းရင်းသားတွေကဆိုရင် လိုင်စင်လျှောက်ပြီး ရောင်းစားကြတာ။ ဒါက တကယ်ဆိုတော့ သူတို့လက်ဝေခံ၊ အရိုးအရင်းလေး ကိုက်ရတာပါ။ သူတို့ ခြယ်လှယ်သလို ခံနေရတာပါ။ အရင်းရှင်ကြီးတွေကတော့ မရှုံးဘူး။ ကုန်ကျစရိတ်မှန်သမျှကို ကုန်ပစ္စည်းပေါ်တင်ပြီး ရောင်းလိုက်တော့ နောက်ဆုံးပြည်သူလူထုကသာ ခံနေရတာ။

**ဆက်လက်ဖော်ပြပါမည်။**

“တကယ်ဆိုတော့လည်း မိဘများ၏ဘဝအတွက် ကြေကွဲရခြင်းပင်။ မိဘများသည် သူတို့အတွက် ဘာတစ်ခုမျှ မျှော်လင့်ချက်မထားကြပေ။ မိမိကြီးပွားရေးကိုသာ အဓိကထားကြသည်။ သူတို့ဘဝကိုကား ပေယျာလကန်ထား၍ ဥပေက္ခာပြုနိုင်စွမ်းရှိကြသည်။ မိဘများ၏ကျေးဇူးတရားများသည် ဆပ်မကုန်နိုင်အောင် ကြီးမားလှချေသည်တကား။ မိမိအပေါ်ထားရှိသော မိဘများ၏ မေတ္တာ၊ ကရုဏာများကား နက်ရှိုင်းလှချေပါဘိ။ သို့တစေ မိဘများက မိမိအား ကြီးပွားစေချင်၊ ပညာတတ်စေချင်သော်လည်း ယခုလက်တွေ့ မိမိဘဝမှာကား . . .”

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
စာတည်း

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃) ကျင်းပ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃) ကို မတ် ၂ ရက် နံနက်ပိုင်းက နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ အလုပ်အမှုဆောင်များ ဖြစ်သည့် ဦးကျော်ဆန်း (အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြု)၊ ဦးကိုကိုဌေး (ပညာရေးဝန်ကြီးဌာန ကိုယ်စားပြု)နှင့် အလုပ်အမှုဆောင်များ၊ ကော်မတီဥက္ကဋ္ဌများနှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးသည်။ အစည်းအဝေးတွင် လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပမည့် FIFA–MFF U15 Youth League 2023 ကို အောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် အမှုဆောင်အဖွဲ့ဝင်များက AFC "Pro" လိုင်စင်ရ မြန်မာနည်းပြများ ထွက်ပေါ်လာရေးအတွက် အာရှဘောလုံးအဖွဲ့ချုပ် (AFC)နှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ ပြည်တွင်း ပြည်ပနည်းပြများ ခန့်အပ်တာဝန်ပေးခြင်း၊ လက်ရွေးစင်အသင်းများ ပြင်ဆင်ဖွဲ့စည်းထားမှု အခြေအနေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ လူငယ်ပြိုင်ပွဲများ ကျင်းပနေမှုနှင့် အဆိုပါပြိုင်ပွဲများမှ လူငယ်ကစားသမားများအား Scouting ပြုလုပ်ထားရှိရေး၊ ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းများ အောင်ပွဲရရှိရေး ကြိုတင်ပြင်ဆင်မှုများ၊ နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့် ဖီဖာအဆင့် ပြိုင်ပွဲများအထိ ရည်မှန်းချက်များထားရှိရေး၊ ဖူဆယ်လိဂ်ပြိုင်ပွဲများ ကျင်းပနေမှုနှင့် ဆက်လက်ကျင်းပမည့် ဖူဆယ်ပြိုင်ပွဲများကို ရှင်းလင်းတင်ပြခြင်း၊ ၂၀၂၃ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်နှင့် အဖွဲ့ချုပ် ရွေးကောက်ပွဲကျင်းပရေး အစရှိသည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

သတင်း–ကိုညီလေး

ဓာတ်ပုံ–MFF

# မန်ယူအသင်း အက်ဖ်အေဖလား ကွာတားဖိုင်နယ် တက်လှမ်း



မန်ယူအသင်းဟာ မတ် ၁ ရက် ညပိုင်းယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားပဉ္စမအဆင့်မှာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်မှာ ဝက်စ်ဟမ်းကစားသမား အဂူယာ့ဒ်ရဲ့ ကိုယ့်ဂိုးကိုယ်ပြန် သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးအပါအဝင် ပွဲကစားချိန် မိနစ် ၉၀ မှာ ဂါနာချိုကတစ်ဂိုး၊ သာမန်ပွဲ ကစားချိန်အပြီး နာကျင်အချိန်ပို ၅ မိနစ်မှာ ဖရက်ဒ်ကတစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ဘင်ရာမာက ပွဲကစားချိန် ၅၄ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာအက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ကိုတက်လှမ်းနိုင်ခဲ့ပြီဖြစ်သလို လက်ရှိအချိန်မှာ ကာရာဘောင်ဖလားကို ရရှိထားပြီး ယူရိုပါလိဂ်ပြိုင်ပွဲမှာ ၁၆ သင်းအဆင့်နဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အာဆင်နယ်အသင်းက အဲဗာတန်အသင်းကို အနိုင်ရပြီးနောက် ဇယားထိပ်က အာဆင်နယ်အသင်းနဲ့ ၁၁ မှတ်အကွာ ပရီမီယာလိဂ်အဆင့် (၃) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ ရှိနေတာ ဖြစ်ပါတယ်။ အခြားသောအက်ဖ်အေဖလားပဉ္စမအဆင့် ပွဲစဉ်တွေမှာတော့ ဘန်လေအသင်းက ဖလိဝုဒ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ရှက်ဖီးလ်ယူနိုက်တက်အသင်းက စပါးအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဂရင်စဘိုင်တောင်းအသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး–တစ်ဂိုး အသီးသီးအနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

○ လူငယ်မျိုးဆက်သစ်မှ

ယင်းပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မတ် ၂ ရက်က ကျင်းပသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃)တွင် အဓိက ဆွေးနွေးခဲ့သည်။ အဆိုပါပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များမှ ယူ–၁၅ အမျိုးသားအသင်းများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး အသင်းတစ်သင်းချင်းစီအတွက် ထောက်ပံ့ကြေးများ ပေးအပ်ရေး၊ လူငယ်လိဂ်ပြိုင်ပွဲအား စည်းမျဉ်းစည်းကမ်းများနှင့် အညီ စနစ်တကျကျင်းပရေး၊ ပရိသတ်များ အားပေးနိုင်ရေးအတွက် တိုက်ရိုက်ထုတ်လွှင့်မှု စီစဉ်ဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ရေး၊ ထူးချွန်သည့် ကစားသမားများအား Scouting Team ထားရှိပြီး သက်တမ်းအလိုက် မြန်မာလူငယ်လက်ရွေးစင်အသင်းများအတွက် ရွေးချယ်နိုင်ရေး အစရှိသည်တို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA–MFF U15 Youth League 2023 ပြိုင်ပွဲကျင်းပရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့နယ်များမှ အသင်းများအား မကြာမီ ဖိတ်ခေါ်သွားမည်ဖြစ်သည်။ ထို့ပြင် အသင်းများ မှတ်ပုံတင်ဝင်ခွင့် လျှောက်ထားခြင်း၊ အသင်းဝင်အရေအတွက် သတ်မှတ်ချက်ထက် ကျော်လွန်နေပါက ခြေစစ်ပွဲများကစားခြင်း၊ အသက်မှန်ကန်မှုစစ်ဆေးခြင်းနှင့် အသင်းတစ်သင်းတွင်ထားရှိရမည့် သတ်မှတ်စံနှုန်းများ၊ အုပ်ချုပ်နည်းပြအဖွဲ့များဖွဲ့စည်းခြင်းတို့အတွက် ဆက်လက်ထုတ်ပြန်မည်ဖြစ်သည်။ **ကိုညီလေး**


**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရွှေနံ့သာစံပြ) စကားဝါလမ်းနှင့် (၂၁) လမ်းထောင့်မြေကွက် အမှတ် (၆၅၇) ဧရိယာ (၈၀'×၆၅') ရှိသည့် ဦးပေးသီး (HGU-၀၃၃၆၄၆) အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ပါမြေကွက်ကို အရောင်းအဝယ်သဘောတူကတိစာချုပ် (အဆက်ဆက်)အရဝယ်ယူပိုင်ဆိုင်ထားကြသူ-၁။ဦးအောင်ကျော်သန်း (ခ)ဥက္ကာ(၁၂/လသန(နိုင်)၀၀၂၀၄၁) ၂။ဒေါ်သိမ့်သိမ့်ထွန်း(၇/တငန(နိုင်)၀၀၀၉၄၄)တို့က တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင်** (LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်**(LL-B)
အထက်တန်းရှေ့နေ(စဉ်–၂၇၃၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ ရပ်ကွက်၊ ၉၄–လမ်း၊ အမှတ်–၁၂၇ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၂)ထပ်တိုက်အနက် မြေညီထပ် [တိုက်ကိုမျက်နှာမူလျှင် (ဝဲ၊ ဘယ်)] ဘက်အခြမ်း၊ အကျယ်အဝန်း (၁၅ပေx ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဟန်တင် (ကွယ်လွန်)၏ ဆက်ခံသူ ဦးမြင့်ဦး [၁၂/မဂတ(နိုင်)၀၄၂၆၉၇]ပါ (၇)ဦးတို့မှ တရားဝင် ဆက်ခံပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးရာဂျစ် [၁၂/ဗဟန(နိုင်)၀၈၃၉၆၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လှိုင်လှိုင်ဌေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၀၀၄)**
**အမှတ်(၂၃)၊ ပြည်သူ့ကွက်သစ် (၁)လမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–799780051**



**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၂၊ မြေကွက်အမှတ် ၆၇၉/ခ၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၇၂ ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၆၇၉/ခ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးငြိမ်းချမ်းဦး [၁၄/မအပ(နိုင်)၂၅၇၇၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၂၇)**
**တိုက် C2A၊ အခန်း (၁၁၀) (ပထပ်)၊ Time Square Condo**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄–သုဝဏ္ဏ)၊မြေကွက်အမှတ်(၅၃–ခ)၊အကျယ်အဝန်း(၀.၀၆၃)ဧက၊(၂၇၃၇.၅)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်၊(အရပ်ခေါ်–သဃ်န်းကျွန်းမြို့နယ်၊(၅၄–သုဝဏ္ဏ)ရပ်ကွက်၊ဖေယျာသုခ(၂)လမ်း၊အမှတ်(၅၃–ခ) ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဦးဝေခင်(ခ) SKဘရူးဝါး(၁၂/သဃက(နိုင်)၁၂၄၇၂၁)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည် အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ထွန်း
LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၁၁၆၃)
Fb Page: Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com
:09 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 420 189 919
အမှတ် (၈၈၈)၊အခန်း(၃–ဘီ)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်။



**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်–(၅၂၁/က+ခ)၊ နှစ်ခန်းတွဲ RC(၈)ထပ်ခွဲတိုက်မှ ဒုတိယထပ်(၃–လွှာ)၊ (အခန်းအမှတ်–၂၀၂)၊ (တိုက်မျက်နှာမူညာဘက်အခန်း)၊ ဧရိယာ (၉၇၂)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်လှ[၁၂/လမတ(နိုင်)၀၁၁၇၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထိုက်အောင်[၁၂/ဥကမ(နိုင်)၂၀၁၃၂၀]၊ ဒေါ်သီရိအောင်[၁၂/သဃက(နိုင်)၁၇၇၆၃၅]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းထိုက်အောင်နှင့် ဒေါ်သီရိအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းမင်းစိုး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph–09–450023651, 09–793568375**



**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၄–ရပ်ကွက်)၊ မြေကွက်အမှတ်(၅၃A)၊ (မြို့သစ်/က)၊ ဦးပိုင်အမှတ်(၂၉၇)၊ အကျယ်အဝန်း (၀.၀၈၃ဧက)ရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးလွင် [၃/မဝတ(နိုင်)၀၀၅၂၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ခိုင် [၁၂/သဃက(နိုင်)၁၄၇၂၆၄]၊ ဒေါ်ဖြူဖြူဝင်း [၁၀/သဖရ(နိုင်)၀၀၁၃၈၆]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသက်ခိုင်နှင့် ဒေါ်ဖြူဖြူဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph–09–450023651, 09–793568375**



ဥတုရာသီ တောကိုမှီ၏




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV – HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင်လည်း အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဂုဏ်ပြုအစီအစဉ်များ ထည့်သွင်းတင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **“ပြည်ချစ်သားမွန် တေးသဝဏ်”** ခေါင်းစဉ်ဖြင့် ပွဲစဉ်(၂)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ စစ်သည်တေးသီချင်းဖျော်ဖြေမှု (Live Show) အစီအစဉ်ကို (၃-၃-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည် –

(၃-၃-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
(၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် “ ပြည်ချစ်သားမွန် တေးသဝဏ်”
ပွဲစဉ်(၂)ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သပြေပန်းနဲ့ကြိုမယ် | “တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2” အဆိုရှင် |
| ၂။ | စစ်စခန်းမှ ချစ်အလွမ်း | ပြင်ပအဆိုရှင် |
| ၃။ | အမြင်အတိုင်း | “တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1” အဆိုရှင် |
| ၄။ | စေလိုရာစေ | ဌာနအဆိုရှင် |
| ၅။ | စစ်သားကို | ဌာနအဆိုရှင် |
| ၆။ | အောင်ပွဲနဲ့အတူပြန်လာမယ် | ဌာနအဆိုရှင် |
| ၇။ | သံယောဇဉ် ကိုစစ်သား | ပြင်ပအဆိုရှင် |
| ၈။ | ထား | ပြင်ပအဆိုရှင် |
| ၉။ | လွမ်းရတဲ့အရသာ | ဌာနအဆိုရှင် |
| ၁၀။ | စစ်သည်မာန် | “တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1” အဆိုရှင် |

ရွှေပြည်သာမြို့နယ်
မြေကွက်များ
ဝယ်လိုသည်။
09-421116745

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက္ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

STAR
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်များပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Chrysalis Crop Pte., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ကုန်သွယ်မှုအမည်များ ပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်–

| စဉ် | မူလကုန်သွယ်မှု အမည် | ကုန်သွယ်မှုအမည် အသစ် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| 1 | Evo Spartan 3.6EC | Ready 3.6EC | Abamectin 1.8EC + Lambda-cyhalothrin 1.8% EC | Provisional | P2018 - 2671 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည်များပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ (၁၄) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိပ်စာ-** Wi Sar Ra International Co., Ltd.
အမှတ်-(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်–၅ရှိ Shine Construction Co.,Ltd မှ ဆောက်လုပ်ထားသော Golden Parami Luxurious Condo ၏ Tower(A)၊ (၅)လွှာ၊ အခန်းအမှတ်(၅၀၈)ဟုခေါ်တွင်သော စုစုပေါင်းဧရိယာ(၁၈၄၉.၈–စတုရန်းပေ)အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကိုယ်တိုင်ဆောက်လုပ်ခြင်းဖြင့် တရားဝင်ပိုင်ဆိုင်လက်ရှိဖြစ်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ Shine Construction Co.,Ltd ၏ ကိုယ်စား ဦးကောင်းမြတ်ဇော်[၁၂/ဒဂန(နိုင်)၀၃၄၉၄၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာအောင်(LL.B,LL.M)** **ဦးညီနပ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၂၅)** **အထက်တန်းရှေ့နေ(စဉ်–၂၉၃၆၁)**
**အမှတ်–၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၇၃၁၀၉၊ ၀၉–၄၂၁၀၁၂၂၁၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးမြင့်ထွန်း [၁၂/ပဘတ(နိုင်)၀၂၇၄၉၄]၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–09–444698320**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃/သမိုင်း၊ မြေကွက်အမှတ်–၁၁/ဃ.၅၊ ဧရိယာ(၀.၀၈၇)ဧက မြေကွက်တည်နေရာအမှတ်(၄)၊ မြသီရိလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ယဉ်ယဉ်မြင့်[၁၂/မရက(နိုင်)၀၃၀၉၁၉] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ယဉ်ယဉ်မြင့်သည် ၈–၂–၂၀၂၂ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးအောင်မြင့်[၁၂/မရက(နိုင်) ၀၃၀၉၁၈]မှ တရားဝင်ခင်ပွန်းတော်စပ်ကြောင်း မိမိမှလွဲ၍ အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်၊ မြေအမည်ပေါက်ဇနီးဖြစ်သူမှ ကူးယူခဲ့သော အပိုင်ပေးမြေပုံမှာရှာဖွေမတွေ့ရှိဘဲ အိမ်အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူပါကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ မြေကွက်အမှတ်(၁၀၇/က)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၈/A)၊ ရောဝဏ်(၃)လမ်း၊ မြခွာညိုအိမ်ရာ၊ ၇/နောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမင်းနိုင် [၇/ညလပ(နိုင်)၀၁၂၂၈၀]၊ ဒေါက်တာခင်မူစိုး[၇/ညလပ(နိုင်)၀၂၆၃၅၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမင်းနိုင်(ဖခင်)နှင့် ဒေါက်တာ ခင်မူစိုး(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးလွှမ်းထက်[၇/ပခန(နိုင်)၂၈၃၆၈၆]နှင့် ဒေါ်ခင်ခင်မင်းယဉ်[၇/ပခန(နိုင်)၃၄၅၅၁၇]တို့မှ သားနှင့်သမီးနှစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မျှ မွေးစားထားခြင်းမရှိကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အမွေဆက်ခံရန်မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိခင်ဒေါက်တာခင်မူစိုး၊ ဖခင်ဦးမင်းနိုင်တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၈)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ် (၂၆၈/ခ)နေ ဦးအေးမြင့် [၁၂/အစန(နိုင်)၀၉၉၃၀၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအေးမြင့်သည် ၎င်းပိုင်ဆိုင်သော ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၈) ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၂၆၈/ခ)ဟုခေါ်တွင်သော ဦးလှမြင့် အမည်ပေါက် ပါမစ်မြေကွက် အကျယ်အဝန်း (၁၅x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား သမီးဖြစ်သူ ဒေါ်စန္ဒာမြင့်[၁၂/အစန(နိုင်)၁၄၆၃၂၆] ကိုင်ဆောင်သူအား (၃၁–၇–၂၀၂၂) ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေသည် ဒေါ်စန္ဒာမြင့်တစ်ဦးတည်းသာပိုင်ဆိုင်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးအေးမြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဝေဝေအောင် (LL.B.,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၄၃၀)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၂၄၁၆၃၀၉၊ ၀၉–၇၇၇၂၉၁၇၇၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၂/စက်မှု၊ မြေကွက်အမှတ်(၂၉၀)၊ ဧရိယာ(၀.၂၃၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၉၀)၊ စက်မှု(၆)လမ်းထောင့်၊ (၄၂/စက်မှု)ရပ်ကွက်၊ ရွှေပြည်သာ၊ ဒေါ်နုနုခိုင်(ခ)အာဝီ[၁၂/လသန(နိုင်)၀၁၅၉၈၃]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား နှစ်(၆၀)ဂရန်မြေအမည်ပေါက် ဒေါ်နုနုခိုင်(ခ)အာဝီမှ ဂရန်မူရင်းတင်ပြ၍ အပိုင်ပေးမြေပုံလျှောက်ထားလာပါသည်။ (၂၀၀၂)ခုနှစ်တွင် ဘဏ်ချေးမြေပုံလျှောက်ထားခဲ့သော်လည်း ထုတ်ယူခဲ့ခြင်းမရှိကြောင်း၊ အဆိုပါမြေကွက်ပိုင်ဆိုင်မှုအထောက်အထားများသည်လည်း မိမိ၏ လက်ဝယ်တွင်ရှိပါကြောင်း၊ ဘဏ်ချေးမြေပုံ လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝမရှိကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာအမှတ်–၆၁၃/၂၀၂၂(၄–၁၁–၂၂)ဖြင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ မေတ္တာဖြင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၈၀)၊ မြေကွက်တည်နေရာအမှတ်(၂)၊ ယုဝလမ်း၊ (၁) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ အပ္ပဒူခါလန်နှင့် အူဇာဘီ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် အပ္ပဒူခါလန်နှင့် အူဇာဘီတို့ကို တရားပြိုင်ထားကာ ဦးဟိန်းမင်းကျော်မှ တရားလိုပြုလုပ်၍ စွဲဆိုခဲ့သည့် သာကေတမြို့နယ်တရားသူကြီးရုံး၌ တရားမကြီးမှုအမှတ် (၁၁/၂၀၂၁)နှင့် တရားမဇာရီမှုအမှတ်(၁၄/၂၀၂၁)တို့အရ ဘီလစ်မှချုပ်ဆို ပေးခဲ့သည့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၆၈၅/၂၀၂၂) (၁–၁၂–၂၀၂၂) တို့ဖြင့် (Portion) ဝယ်ယူရရှိသူ ဦးဟိန်းမင်းကျော် [၁၂/မဂတ(နိုင်)၀၉၁၃၃၈] မှ တရားရုံးအမိန့်များ၊ အရောင်းအဝယ်စာချုပ်၊ နေ့စဉ်မှတ်တမ်းတို့တင်ပြ၍ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန်အတွက် မြေတိုင်းလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၆သမိုင်း၊ မြေကွက်အမှတ်–၈/ဈ–၁A+၈/ဈ–၂A၊ ဧရိယာ(၀.၃၁၅)ဧက၊ မြေကွက်တည်နေရာအမှတ်–၄/B၊ မေခလမ်းသွယ်၊ သမိုင်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ဆွေဇာလွင်[၁၂/ပဘတ(နိုင်)၀၀၀၁၈၅]အမည်ပေါက် မြေပိုင်မြေ လ/န ၃၉ (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါ်ဆွေဇာလွင်ကိုယ်တိုင်မှ မြေရာဇဝင်ရှိ ၂၀၂၂ အရောင်းမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ကို ၂၃–၂–၂၀၂၂ ရက်နေ့တွင် ထုတ်ယူခဲ့ပြီး ထိုမြေပုံမြေရာဇဝင်မူရင်းမှာ အခွန်ရာဖြတ်ရုံးတွင် မိမိလက်ဝယ်ပျောက်ဆုံးသွားပါကြောင်း၊ ထိုမြေပုံမြေရာဇဝင်မူရင်းဖြင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၃၈၇၄/၉–၃–၂၀၂၂ဖြင့် ပေးအပ်ထားသူ ဦးဇော်လင်းလတ်[၇/ဒဥန(နိုင်)၀၀၀၆၀၇]မှ လွှဲ၍ အခြားသူသို့ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းထားခြင်းမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ အရောင်းမြေပုံပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၃၈၇၄/၂၀၂၂(၉–၃–၂၀၂၂)ဖြင့် SP ရသူ ဦးဇော်လင်းလတ် [၇/ဒဥန(နိုင်)၀၀၀၆၀၇]မှ ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးအပ်ထားသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့ထိတိုင် ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက် စာချုပ်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို...**

**❖ တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ယနေ့ ဖတ်စရာ

### ထိုင်းနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးနှင့် OTOP ဆက်နွှယ်မှုနှင့် မြန်မာနိုင်ငံ၏ OVOP နှင့် MSME ဖွံ့ဖြိုးတိုးတက်မှု



ဆောင်းပါး
စာမျက်နှာ » ၁၆

### လူငယ်မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေး ယူ-၁၅ လိဂ်ပြိုင်ပွဲ ကျင်းပမည်




ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်မျိုးဆက်သစ်ဘောလုံးသမားများ ထွက်ပေါ်လာရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လမ်းညွှန်ချက်များအတိုင်း FIFA–MFF U15 Youth League 2023 ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○



### ရန်ကုန်-ပုဂံ အမြန်ရထားပြန်လည်ပြေးဆွဲ၍ ခရီးသွားပြည်သူများအဆင်ပြေ

နတ်မောက် မတ် ၂

မြန်မာ့မီးရထားက ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် ဇန်နဝါရီ ၂၃ ရက်မှစတင်၍ အမှတ်(၆၁) အဆန်ရထားပြေးဆွဲခဲ့ရာ ခရီးသွားပြည်သူများ အဆင်ပြေကြကြောင်း သိရသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❃